# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၂၄၃) ၊ ၁၃၈၆ ခုနှစ် ၊ ဝါဆိုလပြည့်ကျော် ၁၅ ရက် ၊ ၄-၈-၂၀၂၄ ၊ တနင်္ဂနွေနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့မီးရထား စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)နှင့် အမျိုးသားပြတိုက်(နေပြည်တော်)တို့အား သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)နှင့် အမျိုးသားပြတိုက် (နေပြည်တော်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်)တွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒေါက်တာချာလီသန်း၊ ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ သို့ ★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားပြတိုက် (နေပြည်တော်) အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်တွင်းစက်သုံးဆီ ဖူလုံမှုရှိသည့်အပြင် ပုံမှန်ထက် ပိုမိုဖြန့်ဖြူးပေးလျက်ရှိရာ လက်ရှိတန်းစီဝယ်ယူနေသည့် အရောင်းဆိုင်များအပြင် ကျန်အရောင်းဆိုင်များသို့လည်း သွားရောက်ဝယ်ယူကြရန် တိုက်တွန်းနှိုးဆော်

နေပြည်တော် ဩဂုတ် ၃

စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီသည် နိုင်ငံတွင်း စက်သုံးဆီဖူလုံစွာသုံးစွဲနိုင်ရေးအတွက် သီလဝါဆိပ်ကမ်းဒေသရှိ သိုလှောင်ကန်စခန်းများ၌ ၂၀၂၄ ခုနှစ် ဩဂုတ်လဒုတိယပတ်ကုန်အထိ လုံလောက်စွာဖြန့်ဖြူးနိုင်ရန် သိုလှောင်ထားရှိသည့်အပြင် ပြည်ပနိုင်ငံမှ စက်သုံးဆီတင်သင်္ဘောများကိုလည်း စဉ်ဆက်မပြတ်ဝင်ရောက်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားရှိပြီးဖြစ်သဖြင့် အများပြည်သူများအနေဖြင့် မကြာမီ စက်သုံးဆီပြတ်လပ်မည်ဆိုသည့် Online Media များနှင့် ကောလာဟလသတင်းများကြောင့် စိုးရိမ်ကြောင့်ကြမှုဖြင့် လိုအပ်သည်ထက် ပိုမိုဝယ်ယူခြင်း၊ သိုလှောင်ထားရှိခြင်း၊ ဈေးနှုန်းမြင့်တင်ပြီး တစ်ဆင့်ရောင်းချခြင်းတို့ မပြုလုပ်ကြရန်၊ သုံးစွဲရန်လိုအပ်သည့် ပမာဏကိုသာ ဝယ်ယူသုံးစွဲရန်၊ အရောင်းဆိုင်များကိုလည်း စက်သုံးဆီရှိလျက် ရောင်းချမပေးခြင်းမျိုး မပြုလုပ်စေရေး စနစ်တကျ စိစစ်ကြပ်မတ်လျက်ရှိကြောင်းနှင့် လက်ရှိအခြေအနေများအရ စက်သုံးဆီ ပြတ်လပ်နိုင်မှုမရှိနိုင်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

စာမျက်နှာ ၄ သို့ ☆

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၄ ရက်၊ တနင်္ဂနွေနေ့။

## သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အောင်မြင်စွာဆောင်ရွက်နိုင်ရေး

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ပြည်လုံးကျွတ်အဆင့် ကောက်ယူသွားမည်ဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူရန် ရက်အားဖြင့် ၆၁ ရက်သာလိုအပ်မည်ဖြစ်သည်။

သန်းခေါင်စာရင်း ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို လွန်ခဲ့သည့် သုံးနှစ်မှစတင်၍ စီမံချက်ရေးဆွဲကာ အချိန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ သန်းခေါင်စာရင်း ကွင်းဆင်းကောက်ယူရန် စီမံဆောင်ရွက်သည့်လုပ်ငန်းများ ရာနှုန်းပြည့်နီးပါးပြီးစီးနေပြီဖြစ်ကြောင်း၊ ထို့ပြင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် စာရင်းစစ်၊ စာရင်းကောက်များ ခန့်ထားခြင်း၊ သန်းခေါင်စာရင်း သင်တန်းအဆင့်ဆင့် အချိန်ကိုက်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ခြင်းတို့အပြင် ပြည်သူလူထုပူးပေါင်းပါဝင်နိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု သင်တန်းသားများသည် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် နည်းပြတာဝန်ထမ်းဆောင်ကြရမည်ဖြစ်သည့်အတွက် ယခု သင်တန်းမှ လေ့ကျင့်သင်ကြားပေးမှုအပေါ် သေသေချာချာလေ့လာမှတ်သားပြီး နည်းပြအဖြစ် ပြန်လည်သင်ကြားပို့ချသည့်အခါ မခြွင်းမချန် ထိထိရောက်ရောက် ပြန်လည်အသုံးချလေ့ကျင့်သင်ကြားပေးကြရန် လိုအပ်ကြောင်း၊ ယခု ဗဟိုအဆင့်နည်းပြသင်တန်းကို သင်တန်းကာလ ၁၀ ရက်ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းပြီးဆုံးသည်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် နည်းပြသင်တန်း၊ ခရိုင်အဆင့်နည်းပြသင်တန်းနှင့် မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းများကို သတ်မှတ်အချိန်အတိုင်း အောင်အောင်မြင်မြင် ဖွင့်လှစ်နိုင်ရေး သက်ဆိုင်ရာ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီအဆင့်ဆင့်က ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ဩဂုတ် ၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ဗဟိုအဆင့်နည်းပြသင်တန်းဖွင့်ပွဲ၌ ရှင်းလင်းပြောကြားခဲ့သည်။

သန်းခေါင်စာရင်းဆိုင်ရာ ဗဟိုအဆင့်နည်းပြသင်တန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ဦးစီးဌာနမှူးရုံးများနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များအပါအဝင် အရာထမ်း ၅၅ ဦးဖြင့် သင်တန်းကာလ ၁၀ ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။

သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် နည်းပြသင်တန်းပြီးဆုံးပါက တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်အဆင့် နည်းပြသင်တန်းများနှင့် မြို့နယ်စာရင်းစစ်၊ စာရင်းကောက်သင်တန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၌ စီမံချက်များအတိုင်း ဆက်လက်ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## စစ်ဘက်မူလတာဝန်ပြန်လည်ထမ်းဆောင်စေခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၄၅ / ၂၀၂၄

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်
(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)

**စစ်ဘက်မူလတာဝန်ပြန်လည်ထမ်းဆောင်စေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်တာဝန်ကို ပူးတွဲတာဝန် ပေးအပ်ထားသည့် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်အား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း သင်တန်းအမှတ်စဉ်(၁၉) သင်တန်းဖွင့်ပွဲနှင့် ဩဝါဒခံယူပွဲ ကျင်းပ



**မန္တလေး ဩဂုတ် ၃**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၏ သင်တန်းအမှတ်စဉ် (၁၉)၊ (၂)နှစ် သင်တန်းဖွင့်ပွဲနှင့် ဩဝါဒခံယူပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီက ယင်းကျောင်း၏ စာသင်ဆောင်ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၏ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တကောသဝ(မဇ္ဈိမစရိယ၊ B.A ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ)က အဖွင့်ဩဝါဒ မြွက်ကြားပြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း နာယက မှန်ကင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုဒ္ဒိကာဘိဝံသ(နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်)ဆရာတော်က ဩဝါဒကထာ မြွက်ကြားတော်မူသည်။

ဆက်လက်၍ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဥပတ္ထမ္ဘကအဖွဲ့ဥက္ကဋ္ဌ အောင်မြေသာစံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာအောင်ဆွေက သင်တန်းကျောင်း၏ ဥပတ္ထမ္ဘက အဖွဲ့လုပ်ငန်းဆိုင်ရာများကို တင်ပြလျှောက်ထားပြီးနောက် သင်တန်းသား သံဃာတော်များတို့အား ဥပတ္ထမ္ဘကအဖွဲ့နှင့် အလှူရှင်များက စာအုပ်၊ စာရေးကိရိယာပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၏ သင်တန်းအမှတ်စဉ် (၁၉)၊ (၂)နှစ် သင်တန်းကို သင်တန်းသား သံဃာတော်(၆၅)ပါးတို့ တက်ရောက်ပညာသင်ကြားတော်မူကြမည်ဖြစ်ကြောင်း သိရသည်။

(၀၅၂)

## မကွေးမြို့အား ပလတ်စတစ်ကင်းစင်သည့် မြို့တစ်မြို့ဖြစ်လာစေရေး အသိပညာပေး လှုပ်ရှားမှုများ ဆောင်ရွက်



**မကွေး ဩဂုတ် ၃**

မကွေးမြို့အား ပလတ်စတစ်ကင်းစင်သည့် မြို့တစ်မြို့ဖြစ်လာစေရေးအတွက် ပလတ်စတစ်များ၊ တစ်ခါသုံး ကြွပ်ကြွပ်အိတ်များနှင့် ရေသန့်ဘူးများ သုံးစွဲခြင်းကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ဖြစ်ပေါ်ခြင်းကို လျှော့ချနိုင်ရန် ရည်ရွယ်၍ အသိပညာပေးလှုပ်ရှားဆောင်ရွက်မှုကို ယနေ့ နံနက်ပိုင်းက မကွေးမြို့ရှိ ကန်သာဈေး၊ မြို့မဈေး၊ မင်္ဂလာဈေး၊ ရန်ပယ်ဈေးနှင့် ပြည်တော်သာဈေးများတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မကွေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးစိုးမြင့်အေး ဦးဆောင်၍ ကော်မတီအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက အသိပညာပေး ပိုစတာများ စိုက်ထူခြင်း၊ ဈေးရောင်း၊ ဈေးဝယ်များအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ပလတ်စတစ်အစားထိုးအိတ် (Recycle Bags) များ အခမဲ့ဖြန့်ဝေခြင်းများကို ဆောင်ရွက်ခဲ့သည်။


မကွေးမြို့အား ပလတ်စတစ်ကင်းစင်သည့် မြို့တစ်မြို့ဖြစ်လာစေရေးအတွက် မကွေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် အသိပညာပေးကာလကို ဩဂုတ်လမှ အောက်တိုဘာလအထိ သုံးလသတ်မှတ်၍ အပတ်စဉ် သောကြာနေ့တိုင်း (Stop Using Plastric Day) အဖြစ် အဆိုပါဈေးများတွင် တစ်ပြိုင်တည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**


မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေး စက်ရုံ (နေပြည်တော်)အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

★ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)အတွင်း ဂျပန်နိုင်ငံမှ ဝယ်ယူထားရှိသည့် ရန်ကုန်-မန္တလေး လမ်းပိုင်းတွင် ပြေးဆွဲမည့် DEMU တွဲဆိုင်းများနှင့် မြန်မာနိုင်ငံမှ တည်ဆောက်ထားသည့် DEMU ရထားတွဲတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် စက်ရုံအစည်းအဝေးခန်းမတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဒုတိယဝန်ကြီး ဦးအောင်မြင့်တို့က စက်ရုံသမိုင်းအကျဉ်းနှင့် လုပ်ငန်းတာဝန်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၁၀ ရက်က လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြစ်ငယ်စက်ရုံတွင် လူစီးတွဲများအား DEMU အဖြစ် သုတေသနပြု တည်ဆောက်ခြင်းလုပ်ငန်းအား အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုနှင့် နေပြည်တော်စက်ရုံ၌ အပြီးသတ်တည်ဆောက်ရန် လိုအပ်သည့် စက်အစိတ်အပိုင်းများအလိုက် တည်ဆောက်မှုများကို ဆက်လက်တည်ဆောက် ဆောင်ရွက်လျက်ရှိမှု၊ DEMU ရထားတွဲများ တည်ဆောက်ရန် လိုအပ်သည့် ဘိုဂီများရရှိရေး အတွက် ဆောင်ရွက်လျက်ရှိမှု အခြေအနေများအား Power Point ဖြင့် ရှင်းလင်းတင်ပြကြသည်။

### များစွာအထောက်အကူပြု

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံ၏ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ရထားပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံအတွက် များစွာ အထောက်အကူပြုသည့် သယ်ယူပို့ဆောင်ရေးစနစ်ပင်ဖြစ်ကြောင်း၊ မီးရထားလမ်းများနှင့် မီးရထားစက်ခေါင်းတွဲများ၊ လူစီးတွဲများ ကြံ့ခိုင်ကောင်းမွန်ရေးအတွက် အမြဲမပြတ်စစ်ဆေးပြုပြင် ဆောင်ရွက်နေရန် လိုကြောင်း၊ သုတေသန လုပ်ငန်းများနှင့် ပတ်သက်၍ နှစ်ပိုင်းရှိပြီး မီးရထားတည်ဆောက်ရေး အပိုင်းနှင့် မီးရထားဘူတာများ စနစ်တကျရှိစေရေး၊ မီးရထားလမ်းဘေး ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပနေစေရေး၊ ရထားလမ်းမြေများကို စနစ်တကျ အကျိုးရှိစွာအသုံးချနိုင်ရေးနှင့် မီးရထားတွဲများ၊ ရထားလမ်းများနှင့် ပတ်သက်၍ နည်းပညာများကို အမြဲမပြတ် လေ့လာနိုင်ရေး Research and Development လုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ မြန်မာ့မီးရထားကို တစ်ခေတ်ပြောင်းနိုင်ရန် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ DEMU တွဲများကို ပြည်တွင်း၌ အောင်မြင်စွာ တည်ဆောက်နိုင်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နောင်အခါတွင် လျှပ်စစ်ရထားများ ပြေးဆွဲနိုင်သည်အထိ မျှော်မှန်းလုပ်ဆောင်နေရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လျှပ်စစ်ရထားလမ်းများအဖြစ် အဆင့်မြှင့်တင်တည်ဆောက်နိုင်ရေး ဘူတာများ၌ ပြင်ဆင်ရန်လိုအပ်သည့် အခြေအနေများ၊ ရထားလမ်းခုံးကျော်တံတားများ ပြင်ဆင်ရန်လိုအပ်သည့် အခြေအနေများကို ကြိုတင်စဉ်းစားတွက်ချက် ဆောင်ရွက်ထားရန်လိုကြောင်း၊ ရန်ကုန်-ပြည် လမ်းပိုင်းနှင့် နေပြည်တော်-မန္တလေးလမ်းပိုင်းကို ဦးစားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားများပြေးဆွဲရာတွင် ရထားအမျိုးအစားများအလိုက် သတ်မှတ်ထားသည့် အမြန်နှုန်းများအတိုင်း ပြေးဆွဲနိုင်ရေး ရထားလမ်းများ ကြံ့ခိုင်နေစေရေးနှင့် အမြဲကောင်းမွန်နေစေရေး သတ်မှတ်ထားသည့် စံနှုန်းများအတိုင်း ဖြစ်အောင် ဆောင်ရွက်နေရန်လိုကြောင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံအတွက် အမှန်တကယ်အကျိုးရှိသည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းရပ် တစ်ခုဖြစ်ခြင်းကြောင့် ဦးစားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားကိုအသုံးပြု၍ ပို့ဆောင်မှုကြောင့် လောင်စာဆီများသုံးစွဲရမှု သက်သာခြင်းနှင့် အချိန်ကုန်ကျမှုကို လျှော့နည်းစေခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ကြောင်း၊ နိုင်ငံအတွက် အဓိကကျသည့် မီးရထားလမ်းများ၌ ကုန်စည်များ အမြဲမပြတ်ပြေးဆွဲနိုင်ရေး ဆောင်ရွက်နေရန်လိုကြောင်း၊ မြို့ပတ်ရထားများနှင့် ပတ်သက်၍လည်း ရထားစီးခရီးသည်များ အဆင်ပြေချောမွေ့စွာဖြင့်သွားလာနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ မီးရထားတွဲများကြံ့ခိုင်ရေး ဆောင်ရွက်နေရန်နှင့် ရထားတွဲသစ်များကိုဆက်လက်တည်ဆောက် ဆောင်ရွက်သွားရန်လိုကြောင်း၊ မီးရထားမြေများကိုလည်း အကျိုးရှိစွာ အသုံးချသွားရန်လိုကြောင်း၊ အလားတူ မီးရထားနှင့် ပတ်သက်၍ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး သုတေသနပြု ဆောင်ရွက်နေရန်လိုကြောင်း၊ ပြည်သူများအနေဖြင့် အကုန်အကျသက်သာသည့် ရထားစီးနင်းခနှုန်းထားများဖြင့်သွားလာနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မီးရထားသည် နိုင်ငံအတွက်များစွာအကျိုးရှိသည့် လုပ်ငန်းရပ်တစ်ခုဖြစ်သဖြင့် မြန်မာ့မီးရထားအား ယခုထက် ပိုမိုတိုးတက်အောင် ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ စက်ရုံမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။


စာမျက်နှာ ၄ သို့ »»

❖ ရထားပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံအတွက် အမှန်တကယ် အကျိုးရှိသည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းရပ်တစ်ခု ဖြစ်ခြင်းကြောင့် ဦးစားပေးဆောင်ရွက်

❖ ရထားကိုအသုံးပြု၍ ပို့ဆောင်မှုကြောင့် လောင်စာဆီများသုံးစွဲရမှု သက်သာခြင်းနှင့် အချိန်ကုန်ကျမှုကို လျှော့နည်းစေခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိမည်

❖ နိုင်ငံအတွက် အဓိကကျသည့် မီးရထားလမ်းများ၌ ကုန်စည်များ အမြဲမပြတ်ပြေးဆွဲနိုင်ရေး ဆောင်ရွက်နေရန်လို





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ရှင်းလင်းတင်ပြစဉ်။

»»» စာမျက်နှာ ၃ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားပြတိုက်(နေပြည်တော်) သို့ရောက်ရှိကြရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် အမျိုးသားပြတိုက်(နေပြည်တော်) Mini Theater ၌ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က တောင်ငူ ကေတုမတီမြို့ဟောင်းနှင့်ပတ်သက်သည့် သမိုင်းကြောင်းများ၊ သမိုင်းမှတ်တမ်းများ၊ ယဉ်ကျေးမှုဆိုင်ရာများ၊ ရှေးဟောင်းနယ်မြေများ၊ မြို့ရိုးများနှင့် အဆောက်အအုံများကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မန္တလေးနန်းမြို့ရိုး၊ ရေကျုံးနှင့် တံတားများ တည်ဆောက်ထားရှိမှု၊ ဒုတိယကမ္ဘာစစ်အတွင်း တံတားများပျက်စီးခဲ့မှုနှင့်ပြန်လည်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့မှု၊ မင်္ဂလာတံတား တစ်ခုဖြစ်သည့် စည်ရှည်တံတားအား ပြန်လည်တည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားပြတိုက် (နေပြည်တော်)၏ သမိုင်းကြောင်းဗီဒီယိုကို ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက တောင်ငူမြို့ရှောင် ရထားလမ်း တည်ဆောက်ရန် လျာထားဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့၏သမိုင်းကြောင်းအရ အထင်ကရရှိခဲ့သည့် ဘုရင့်နန်းတော်များအား အဖြစ်နိုင်ဆုံး ဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်ရန် လိုကြောင်း၊ တောင်ငူနန်းတော်ရာ နေရာနှင့် ကေတုမတီမြို့ရိုးအား ပြန်လည်ဖော်ထုတ်နိုင်ရေး ဆောင်ရွက်ရန်နှင့် ပြောင်းရွှေ့ရန်လိုအပ်သည့် ဝန်ကြီးဌာနအဆောက်အအုံများကို ပြောင်းရွှေ့သွားရန်လိုကြောင်း၊ သာသနိက အဆောက်အအုံများကို လက်ရှိအချိန်တွင် ပြောင်းရွှေ့ခြင်းမပြုရန်လိုကြောင်း၊ ကျုံးကိုလည်း ပြန်လည်ထိန်းသိမ်းဆောင်ရွက်ရန် လိုကြောင်း၊ ကေတုမတီမြို့ရိုးများ ပြန်လည်ထိန်းသိမ်းနိုင်ရေး အတွက် ဆောင်ရွက်ရာတွင် ဖြစ်နိုင်ဖွယ်ရာ အချက်အလက်များနှင့် အညီ ဆောင်ရွက်သွားရန်လိုကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံများကို ပြန်လည်ထိန်းသိမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ မန္တလေးနန်းတော်ရှိမင်္ဂလာတံတား တစ်စင်းဖြစ်သည့် စည်ရှည်တံတားနှင့်ပတ်သက်၍ ပြန်လည်တည်ဆောက်ရန်အတွက် လိုအပ်သည့် အချက်အလက်များနှင့် အထောက်အထားများ ပြည့်စုံအောင် ပြုစုဆောင်ရွက်ရန်လိုကြောင်း၊ ပြန်လည်တည်ဆောက်ရာတွင်လည်း ရှေးမူမပျက် မူလပုံစံအတိုင်း တည်ဆောက်သွားနိုင်ရန်လိုကြောင်း၊ အလားတူ တံတားနှင့် ဆက်စပ်လျက်ရှိသည့် လမ်းများကိုလည်း ကောင်းမွန်အောင် ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံသားအားလုံးအနေဖြင့် မိမိတို့နိုင်ငံ၏သမိုင်းကို တန်ဖိုးထား ထိန်းသိမ်းသွားရန် လိုကြောင်း၊ တောင်ငူဘူတာ တည်ဆောက်ရန်အတွက်လျာထားသည့်မြေမှ လယ်ယာမြေများအား ကြိုတင် ဖော်ထုတ်ပေးရန် လိုကြောင်း၊ တိုးချဲ့မြို့သစ်ကို စနစ်တကျ ပုံစံထုတ်လုပ်ပြီးမှ ဆောင်ရွက်ရန်လိုကြောင်း၊ တောင်ငူမြို့ရှောင်ရထားလမ်းတည်ဆောက်ရာတွင်လည်း ရေရှည်အတွက် စဉ်းစား၍ ဆောင်ရွက်သွားရန် လိုကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် အမျိုးသားပြတိုက်(နေပြည်တော်) အတွင်းပြခန်းများအားလှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း နေပြည်တော်ကောင်စီနယ်မြေအတွင်း လျှပ်စစ်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၃

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်တို့သည် ယနေ့နံနက်ပိုင်းက နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၏ လုပ်ငန်းဆောင်ရွက်နေမှု၊ ဇေယျာသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်အတွင်းရှိ ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံများ၏ ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇေယျာသီရိမြို့နယ် လျှပ်စစ် အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံပြီး လက်ရှိဓာတ်အားထုတ်လုပ်ရရှိမှုအပေါ် အခြေခံ၍ ပြည်သူလူထုထံသို့ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည့်အတွက် လေလွင့်ဆုံးရှုံးမှု မရှိစေရေး အကျိုးရှိရှိ ဖြန့်ဖြူးပေးသွားရန်နှင့် ဓာတ်အားခများ အပြည့်အဝ ကောက်ခံရရှိရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မိမိတို့မြို့နယ်များအတွင်း တရားမဝင် ဓာတ်အားရယူသုံးစွဲမှုများ မရှိစေရေးနှင့် ဓာတ်အားခကြွေးကျန်များ အပြည့်အဝရရှိရေး တာဝန်ရှိသူအဆင့်ဆင့်က စစ်ဆေးကြပ်မတ်သွားရန် လိုအပ်ကြောင်းမှာကြားပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးအတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဇေယျာသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်အတွင်းရှိ ၃၃/ ၁၁ ကေဗွီ ဓာတ်အားခွဲရုံများသို့ရောက်ရှိပြီး ဓာတ်အားခွဲရုံများ ရေရှည် တည်တံ့ခိုင်မြဲရေးနှင့် ဓာတ်အား ပြတ်တောက်မှု လျော့နည်းကျဆင်းစေရေးအတွက် ဓာတ်အားခွဲရုံများတွင် နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတိုင်း လိုက်နာဆောင်ရွက်သွားရန်နှင့် လုပ်ငန်းများဆောင်ရွက်စဉ် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းခွင်သုံး ဝတ်စုံများ ဝတ်ဆင်ဆောင်ရွက်သွားရန်မှာကြားပြီး ဓာတ်အားခွဲရုံများမှ မြို့တွင်းနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများသို့ ဓာတ်အားဖြန့်ဖြူးပေးထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ဆရာ ဒကာကျောင်းဖြစ်သော ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ရှိ ပုံ့သုကူကျောင်းတိုက်သို့ ရောက်ရှိပြီး ကျောင်းထိုင် ဆရာတော်နှင့် ဆရာတော်သံဃာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကြီး မြန် သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လှ

## မြန်မာနိုင်ငံပြန်တမ်း

### မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ် ဝင်းဇော်မိုး အား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**☆ပြည်တွင်းစက်သုံးဆီမှ**

နိုင်ငံအနှံ့အပြားတွင် မိုးအဆက်မပြတ်ရွာသွန်းပြီး ဒေသအချို့၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်နေသဖြင့် လမ်းခရီးအခြေအနေအရ စက်သုံးဆီများ သယ်ယူပို့ဆောင်ရာတွင် ပုံမှန်ထက်အနည်းငယ်နှောင့်နှေးကြန့်ကြာမှု ရှိနိုင်သော်လည်း ပြတ်လပ်မှုမရှိစေရန်အတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ၉၈ ဆိုင်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ၁၉၆ ဆိုင်နှင့် မန္တလေးတိုင်းဒေသကြီးရှိ ၆၉၂ ဆိုင်တို့ အပါအဝင် နိုင်ငံတစ်ဝန်းအရောင်းဆိုင် ၃၀၀၀ ကျော်တို့သို့ ဆီတင် ယာဉ်များဖြင့် နေ့စဉ်ပုံမှန်ဖြန့်ဖြူးပေးလျက်ရှိသည့်အပြင် လိုအပ်ပါက Urgent အစီအစဉ်၊ Special အစီအစဉ်တို့ဖြင့်လည်း ထပ်မံပြီး တစ်ရက်လျှင် ဓာတ်ဆီနှင့်ဒီဇယ်ဆီ စုစုပေါင်း ဂါလန်သုံးသန်းခန့်ကို ပိုမိုဖြန့်ဖြူးပေးလျက်ရှိသည်။ စိစစ်မှုအရ ပြည်ထောင်စုနယ်မြေ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အရောင်းဆိုင် ၁၀၀ အနက်မှ ငါးဆိုင်၊ ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အရောင်းဆိုင် ၁၄၆ ဆိုင်အနက်မှ ၂၄ ဆိုင်နှင့် မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အရောင်းဆိုင် ၁၆၃ ဆိုင်အနက်မှ ၁၉ ဆိုင်တို့တွင်သာ စုပြုံတန်းစီဝယ်ယူမှု ဖြစ်ပေါ်နေပြီး ကျန်အရောင်းဆိုင်များတွင် စက်သုံးဆီများရှိသော်လည်း ဝယ်ယူမှုနည်းပါးနေကြောင်း တွေ့ရှိရသည်။

သို့ဖြစ်ပါ၍ အများပြည်သူများအနေဖြင့် မလိုအပ်ဘဲ အချိန်ကြန့်ကြာစွာ တန်းစီဝယ်ယူရခြင်း၊ လမ်းသွားလမ်းလာအများပြည်သူ၊ ခရီးသွားမော်တော်ယာဉ်များအတွက် လမ်းပိတ်ဆို့မှုများဖြစ်ပေါ်နေခြင်းတို့မရှိစေရေး တန်းစီဝယ်ယူနေသော အရောင်းဆိုင်များအပြင် ကျန်နီးစပ်ရာအရောင်းဆိုင်များသို့လည်း သွားရောက်ဝယ်ယူကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးနှင့် စာပေဆုများချီးမြှင့်ပွဲ တက်ရောက်

ရန်ကုန် ဩဂုတ် ၃

မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးနှင့် စာပေဆုများချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက် အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း နာယကများ၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စာရေးဆရာ၊ ဆရာမကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ စာပေဆုများချီးမြှင့်ပွဲ အခမ်းအနားတွင် "စာပဒေသာ ဝေဆာစေမည် " Video Clip ကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံစာရေးဆရာအသင်း ပထမအကြိမ်ညီလာခံကို ၂၀၁၂ ခုနှစ်တွင် လည်းကောင်း၊ ဒုတိယအကြိမ်ညီလာခံကို ၂၀၁၆ ခုနှစ်တွင်လည်းကောင်း၊ တတိယအကြိမ်ညီလာခံကို ၂၀၂၂ ခုနှစ် မေ ၂၂ ရက်တွင်လည်းကောင်း ကျင်းပနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ညီလာခံသက်တမ်းတစ်ခု၏ သက်တမ်းသည် လေးနှစ်ဖြစ်ပြီး ညီလာခံတစ်ခုနှင့် တစ်ခုအကြား နှစ်နှစ် သက်တမ်းတွင် ညီလာခံ၏ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ကျင်းပရမည်ဟု သတ်မှတ်ပြဋ္ဌာန်းထားပါကြောင်း၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း တတိယအကြိမ် ညီလာခံ သက်တမ်းသည် ယခု ၂၀၂၄ ခုနှစ် မေ ၂၂ ရက်တွင် သက်တမ်း နှစ်နှစ်ပြည့်ခဲ့ပြီဖြစ်သောကြောင့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ယခုဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ကျင်းပခြင်းဖြစ်သည်ဟု သိရပါကြောင်း။

ယခုအစည်းအဝေးတွင် မင်္ဂလာရှိသည့် စာပေဆုနှစ်မျိုးကို ချီးမြှင့်မည်ဖြစ်သည့်အတွက် ဂုဏ်ယူကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင် မဲခေါင်စာပေဆုသည် ၂၀၁၄ ခုနှစ်မှစပြီး မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအိုနှင့် တရုတ်(ယူနန်) ခြောက်နိုင်ငံမှ စာရေးဆရာအသင်းများ စုစည်းညီညွတ်စွာ ရွေးချယ်ချီးမြှင့်ခဲ့ကြသည့်ဆုဖြစ်သည့်အတွက် မြန်မာနိုင်ငံစာပေလောက အတွက်ရော နိုင်ငံတော်အတွက်ပါ များစွာဂုဏ်ယူစရာကောင်းပါကြောင်း။

နိုင်ငံခြောက်နိုင်ငံ တစ်နှစ်လျှင်တစ်ကြိမ် အလှည့်ကျကျင်းပခဲ့ကြသည်မှာ (၁၂)ကြိမ်ပင်ရှိခဲ့ပြီဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ် (၁၀) ကြိမ်မြောက်မဲခေါင်စာပေဆုချီးမြှင့်ပွဲကို မြန်မာနိုင်ငံတွင် ကျင်းပခဲ့ပြီး (၁၁) ကြိမ်မြောက် ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘောဒီးယားနိုင်ငံနှင့် (၁၂) ကြိမ်မြောက် ၂၀၂၁ ခုနှစ်တွင် လာအိုနိုင်ငံ၌ ကျင်းပခဲ့ပါကြောင်း၊ (၁၁)ကြိမ်မြောက်ပွဲနှင့် (၁၂) ကြိမ်မြောက်ပွဲများကို ကိုဗစ်ကပ်ရောဂါကြောင့် မကျင်းပနိုင်ခဲ့သည့်အတွက်အဝေးရောက်သာချီးမြှင့်ခဲ့ရပြီး ယခုလို အခမ်းအနားတွင် **မဲခေါင်စာပေဆုရရှိသူလေးဦးအား** ဆုချီးမြှင့်ရခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံစာရေးဆရာအသင်း၏ စာပေဆုချီးမြှင့်ပွဲကို ၂၀၁၃ ခုနှစ်က ပထမအကြိမ် ကျင်းပခဲ့ပြီး ၁၀ နှစ်အကြာတွင် ယခုလို ဒုတိယအကြိမ် ကျင်းပခြင်းကြောင့် စာပေဆုရသူ ၁၈ ဦးအား ချီးမြှင့်မည်ဟု သိရပါကြောင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၏ စာမူပြိုင်ပွဲတွင် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုဟူ၍ သုံးမျိုးပါဝင်ပါကြောင်း။

မဲခေါင် စာပေဆုရသူများနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း၊ စာပေဆုရသူအားလုံးသည် မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ ဆောင်ပုဒ်ဖြစ်သည့် **"အမျိုး၏ဂုဏ် ဓာတိဂုဏ် စာပေဂုဏ်ကို မြှင့်"** ဟူသော ဆောင်ပုဒ်ကို လက်တွေ့ ကာယကံမြောက် ထိရောက် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြသည့်အတွက် ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ယင်းနောက်ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးနှင့် စာပေဆုရရှိသူများအတွက် ငွေကျပ် ၃၅ သိန်းကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်းက ပေးအပ်လှူဒါန်းပြီး မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မဲခေါင်စာပေဆု ရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ရာ (၁၁) ကြိမ်မြောက် မဲခေါင်စာပေဆု (၂၀၂၀)တွင် လွမ်းတိမ်ဝတ်မှုန် ရသစုံဝတ္ထုတိုများဖြင့် ဆုရရှိသည့် ဒေါက်တာနီလာသိန်း(မြကြာငုံ)၊ ၇၅ ရုပ်ပုံလွှာ နေမင်းသန်းကဗျာဖြင့် ဆုရရှိခဲ့သည့်ဦးဖေသန်း(နေမင်းသန်း)၊ (၁၂) ကြိမ်မြောက် မဲခေါင်စာပေဆု (၂၀၂၁)တွင် ပြိုပျက်ခဲ့သော သက္ကရာဇ်များဖြင့် ဆုရရှိခဲ့သည့် ဦးဇော်ဝင်းအောင် (အကြီးကိုကို-ကသာ)နှင့် နွေဦးအော်ပရာကဗျာများဖြင့် ဆုရရှိခဲ့သည့် ဦးသန်းအေး (စလင်းဘုန်းကျော်)တို့က ဆုများလက်ခံရယူကြသည်။

**ဆုများပေးအပ်ချီးမြှင့်**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယအကြိမ် စာမူပြိုင်ပွဲ ဆုရရှိသူများအား ဆုများပေးအပ် ချီးမြှင့်ရာ ဝတ္ထုတို ပထမဆုရရှိခဲ့သည့် စောယ်ငယ်(မိုးညွင်း)၊ ဝတ္ထုတို ဒုတိယဆုရရှိခဲ့သည့် ယွင်းနှင်းဆီခိုင်နှင့် ဝတ္ထုတိုတတိယဆုရရှိခဲ့သည့် ဝေလွှင်မြင့်မောင်တို့က ဆုများလက်ခံရယူကြသည်။

ယင်းနောက် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေး၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း နာယက အလင်္ကာကျော်စွာ ဒေါ်ချိုချိုတင်(မစန္ဒာ)နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)တို့က မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယအကြိမ် စာမူပြိုင်ပွဲ ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ရာ ဝတ္ထုတိုအထူးဆု(၁)ရရှိသူ စံဝင်းအောင်(မြန်အောင်)၊ ဝတ္ထုတိုအထူးဆု(၂)ရရှိသူ နန်းဟင်းပြင်း၊ ဝတ္ထုတိုအထူးဆု(၃)ရရှိသူ ဇော်(မြိတ်)၊ ဆောင်းပါး ပထမဆုရရှိသူ ရွှေထုံခင်သီတာလှိုင်၊ ဆောင်းပါးဒုတိယဆုရရှိသူ လင်းအရဏ်ဦး(ပဲခူး)၊ ဆောင်းပါး တတိယဆုရရှိသူ သစ္စာဝါဒီဦးမြင့်အောင်၊ ဆောင်းပါးအထူးဆု(၁)ရရှိသူ တက္ကသိုလ်နန်းဖြူဖြူထွန်း၊ ဆောင်းပါးအထူးဆု (၂)ရရှိသူ မရွှေချစ်(လယ်ကိုင်း)၊ ဆောင်းပါး အထူးဆု(၃)ရရှိသူ မောင်ရည်ကျော်(ရှူပ)၊ ကဗျာပထမဆုရရှိသူ နေခြည်မောင်(မြောင်းမြ)၊ ကဗျာဒုတိယဆုရရှိသူ ဘုန်းရဲနိုင်(ဂန့်ဂေါ)၊ ကဗျာတတိယဆုရရှိသူ စစ်တွေညှိသန့်၊ ကဗျာအထူးဆု(၁)ရရှိသူ ဇဂျမ်းရွာကျောင်းအိုသား၊ ကဗျာအထူးဆု(၂)ရရှိသူ ဟန်ညွန့်(ယဉ်ကျေးမှု)နှင့် ကဗျာအထူးဆု(၃)ရရှိသူ ခက်ဇော်(ကဗျာ)တို့က ဆုများလက်ခံရယူကြသည်။

ထို့နောက် မဲခေါင်စာပေဆုရရှိသူများကိုယ်စား စာရေးဆရာ ဦးဇော်ဝင်းအောင် (အကြီးကိုကို-ကသာ)နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းစာပေဆု ရရှိသူများကိုယ်စား စာရေးဆရာမ ဒေါ်ခင်သီတာလှိုင်(ရွှေထုံခင်သီတာလှိုင်)တို့က ကျေးဇူးတင်စကားပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့က မဲခေါင်စာပေဆုရရှိသူများ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း စာပေဆုရရှိသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားတွင် ပြသထားသည့် ဆုရရှိသူများ၏ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၌ ပြုလုပ်သည့် မြန်မာနိုင်ငံ ဒီဂျစ်တယ်မီဒီယာ အသင်း (Myanmar Digital Media Association) ဖြစ်မြောက်ရေး ကော်မတီနှင့်တွေ့ဆုံ၍ ဒီဂျစ်တယ်မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ကိစ္စများကို ဆွေးနွေးပြောကြားသည်။

**ဆွေးနွေးပြောကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံ၏ မီဒီယာအခင်းအကျင်းတွင် ဒီဂျစ်တယ်နည်းပညာနှင့် မီဒီယာသည် အရေးပါသည့်နေရာမှ ပါဝင်လျက်ရှိပါကြောင်း၊ ယခုအခါ ဒီဂျစ်တယ် မီဒီယာလုပ်ငန်းသည် ကြီးမား ကျယ်ပြန့်လျက်ရှိသဖြင့် ၎င်းလုပ်ငန်းကို လုပ်ကိုင်နေကြသူများ၏ အကျိုးစီးပွားကို ကာကွယ်မြှင့်တင်ပေးရန်နှင့် အငြင်းပွားမှုဆိုင်ရာပြဿနာများ၊ ကျင့်ဝတ်ပိုင်းဆိုင်ရာပြဿနာများကို ဖြေရှင်းဆောင်ရွက်နိုင်ရန် မြန်မာဒီဂျစ်တယ် မီဒီယာအသင်းကြီး ပေါ်ပေါက်လာစေရေး ကြိုးပမ်းလျက်ရှိပါကြောင်း၊ ယခုဖွဲ့စည်းပေးထားသည့်ကော်မတီတွင် IT နည်းပညာ ကျွမ်းကျင်သူများ၊ သတင်းမီဒီယာနယ်ပယ်မှ ပုဂ္ဂိုလ်များ၊ ဒီဂျစ်တယ်နည်းပညာကျွမ်းကျင်သူများအား ပါဝင်ဖွဲ့စည်းပေးထားပါကြောင်း၊ အသင်းကြီး အောင်မြင်စွာ ဖွဲ့စည်းနိုင်ရေးနှင့် လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး အတွက် သင်းဖွဲ့စည်းမျဉ်းနှင့် သင်းဖွဲ့မှတ်တမ်းကို စနစ်တကျ ရေးဆွဲကြရန်လိုကြောင်း၊ ယခုအခါ ဒီဂျစ်တယ်ပလက်ဖောင်းကို အသုံးပြု၍ ပြည်သူများအား သတင်းတု/သတင်းမှားများ ဖြန့်ဝေလျက်ရှိသဖြင့် နိုင်ငံတော်နှင့် ပြည်သူများ အကျိုးကိုရှေးရှုကာ ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် လိုပါကြောင်း၊ အသင်းကြီးအား အောင်မြင်စွာ ဖွဲ့စည်း၍ ဒီဂျစ်တယ်နည်းပညာဖြင့် နိုင်ငံအကျိုးသယ်ပိုးပေးကြပါရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဒီဂျစ်တယ် မီဒီယာအသင်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်) နှင့် တက်ရောက် လာကြသည့် ကော်မတီဝင်များက ဆွေးနွေးပြောကြားကြသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၁၁) ကြိမ်မြောက် မဲခေါင်စာပေဆုပေးပွဲ (၂၀၂၀)တွင် ၇၅ ရုပ်ပုံလွှာ နေမင်းသန်းကဗျာဖြင့် ဆုရရှိခဲ့သည့် ဦးဖေသန်း(နေမင်းသန်း)အား ဆုပေးအပ်ချီးမြှင့်စဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးနှင့် စာပေဆုရရှိသူများအတွက် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)ထံ အလှူငွေကျပ် ၃၅ သိန်း ပေးအပ်လှူဒါန်းစဉ်။

# ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံကို ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အား အဖွဲ့အစည်းအသီးသီးမှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားများထုတ်ပြန်

နေပြည်တော် ဩဂုတ် ၃

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အတွင်း တိုက်ပွဲများဖော်ဆောင်ပြီး စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသည့် တပ်မတော်ဆေးရုံအား ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူ များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင် များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ထို့ပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့ အတွင်း ရပ်ကွက်များသို့ ရှော့တိုက်ဒုံးများ၊ လက်နက် ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီ နေရပ်စွန့်ခွာနေရကြောင်း သိရှိရသည်။

ယခုကဲ့သို့ MNDAA အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့၏ စစ်ရာဇဝတ်မှု(War Crime) မြောက်သည့် လူမဆန်စွာ ရက်စက်ယုတ်မာရိုင်းစိုင်းသော အကြမ်း ဖက်လုပ်ရပ်များအပေါ် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာ မရှိသည့်အတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး အဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံ ဇော်ဂျီဝါ... ဇဝ်ဂေလိခရစ်ယာန်မဟာ မိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ် အသင်းတော် (အောက်မြန်မာပြည်)၊ ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)၊ လွတ်မြောက်ခြင်း အသင်းတော်(ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူ ဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ သနတ္တနမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ် ဘာသာရေးအဖွဲ့ကြီး၊ မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီ၊ မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတ အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံပန်းချီပန်းပု အစည်း အရုံး(ဗဟို)၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံး၊ မြန်မာ နိုင်ငံစာရေးဆရာအသင်း၊ ပိန္နဲကုန်း ရခိုင်ဂျာမေဗလီ နှင့် ဘူးသီးတောင် မောင်တောဒေသဖွံ့ဖြိုးရေးအသင်း တို့မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘော ထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သတင်းရ ရှိသည်။

သတင်းစဉ်

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်း သူ MNDAA အဖွဲ့မှ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီး များနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့်ဒေသခံ ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရ ပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွား ကြောင်း သိရှိရသည်။

၂။ ထို့အပြင် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှော့တိုက်ဒုံး များ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ် တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက် သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့်ဒေသခံပြည်သူများ မှာလည်းနေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရ၍ လူမှုစီးပွားဘဝများ ဆုံးရှုံးရလျက်ရှိကြောင်း သိရှိရ သည်။

၃။ ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့် မသက်ဆိုင်သည့် ဒေသခံပြည်သူ များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုများ ဆေးရုံတက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခြင်း၊ လူနေရပ်ကွက်များ အတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ဖြင့် တိုက်ခိုက်ခြင်းနှင့် သာသနိက အဆောက်အဦများအား စစ်ရေးအတွက်အသုံးပြု နေခြင်းများကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘော ထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအားအကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ရှော့တိုက်ဒုံးများ၊ လက်နက်ကြီး များနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံ ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရ ပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွား ကြောင်းနှင့် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့်မသက်ဆိုင်သည့် လားရှိုးမြို့ အတွင်း ရပ်ကွက်များသို့ ရှော့တိုက်ဒုံးများ၊ လက်နက် ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ် စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့် မသက်ဆိုင်သည့် ဒေသခံပြည်သူ များ၊ လူနာများ ဆေးရုံတက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် လုပ်ရပ် များ၊ လူနေရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံး များ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များနှင့် အပြစ်မဲ့ပြည်သူ များကို မတရားဖမ်းဆီးနေသည့် လုပ်ရပ်များကို ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)**
**အလုပ်အမှုဆောင်အဖွဲ့**

## မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

MNDAA အကြမ်းဖက်သောင်းကျန်းသူများက လားရှိုး မြို့ရှိ တပ်မတော်ဆေးရုံအား ရှော့တိုက်ဒုံးများ၊ လက်နက်ကြီး များနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံ တွင် တက်ရောက်ကုသမှု ခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစု ဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး ဆေးကုသမှုခံယူနေသူအချို့ကို လည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့် မသက်ဆိုင်သည့် ဆေးရုံကို အကြမ်းဖက်တိုက်ခိုက်ခဲ့ ခြင်း၊ သာသနိကအဆောက်အဦများကို အကာအကွယ်ယူ တိုက်ခိုက်ခြင်း၊ လူနေရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခြင်းနှင့် အပြစ်မဲ့ပြည်သူများအား အဓမ္မဖမ်းဆီးနေခြင်းများကို မြန်မာ နိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်က လုံးဝလက်မခံ ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်**

## ပြည်ထောင်စု မြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်နေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး ဆေးကုသမှုခံယူနေသူအချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ထိုသို့ စစ်ရေးနှင့် မသက်ဆိုင်သည့် ဒေသခံပြည်သူများ၊ လူနာများ ဆေးရုံ တက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များ၊ လူနေရပ်ကွက်များနှင့် သာသနိကအဆောက်အဦများအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခဲ့သည့်လုပ်ရပ်များကို ပြည်ထောင်စု မြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)က လုံးဝလက်မခံပါ ကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**ပြည်ထောင်စု မြန်မာနိုင်ငံမက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)**

## ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော် ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှု ခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရ သည်။ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များ သို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ် တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများ ရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ်စွန့်ခွာ ၍ ယာယီတိုက်ပွဲရှောင်လျက်ရှိပြီး လူမှုဘဝများဆုံးရှုံးလျက် ရှိကြောင်း သိရှိရသည်။

အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့် မသက်ဆိုင်သည့် ဒေသခံပြည်သူများ၊ လူနာများ ဆေးရုံ တက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက် ခဲ့သည့် လုပ်ရပ်များ၊ လူနေရပ်ကွက်များအတွင်းသို့ ရှော့တိုက် ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များကို ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး) က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချ ပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဩဂုတ် ၃

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသ ကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိသည်။ မိုး/ဇလ

## လွှတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်) သဘောထားထုတ်ပြန်ချက်

အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့် မသက်ဆိုင်သည့် ဒေသခံပြည်သူများ၊ လူနာများ ဆေးရုံတက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များ၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များသည် စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်နေခြင်းဖြစ်ပြီး ၎င်းအကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို လွှတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

လွှတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)
၂၀၂၄ ခုနှစ်၊ ဩဂုတ် ၃ ရက်

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ် ဆောင်သွားကြောင်း သိရှိရသည်။

၎င်းအပြင် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရသည့်အတွက် လူမှုဘဝများ ဆုံးရှုံးလျက်ရှိသဖြင့် ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့၏ လုပ်ရပ်များကို မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၁။ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဆေးရုံတွင် တက်ရောက်ကုသမှု ခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရ၍ လူမှုဘဝများ ဆုံးရှုံးလျက်ရှိကြောင်း သိရှိရသည်။

၂။ ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့၏ ရက်စက်သော အကြမ်းဖက်လုပ်ရပ်များကို မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)

## သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

အကြမ်းဖက်သောင်းကျန်းသူများသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ထို့အပြင် အကြမ်းဖက်သောင်းကျန်းသူများသည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်လျက်ရှိ၍ လူမှုဘဝများ ဆုံးရှုံးလျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူများ၏ စစ်ရေးနှင့် မသက်ဆိုင်သည့် အပြစ်မဲ့ပြည်သူများ ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များ၊ လူနေရပ်ကွက်များ အတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များကို သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်
၂၀၂၄ ခုနှစ်၊ ဩဂုတ် ၃ ရက်

## မြန်မာနိုင်ငံ အားကစားမီဒီယာများ အဖွဲ့ချုပ်သဘောထားထုတ်ပြန် ကြေညာချက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ ခုတင်(၁၀၀) အား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ထို့အပြင် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရသဖြင့် လူမှုဘဝများ ဆုံးရှုံးလျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့် မသက်ဆိုင်သည့် ဒေသခံပြည်သူများ၊ လူနာများ ဆေးရုံတက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များ၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များကို မြန်မာနိုင်ငံ အားကစားမီဒီယာများ အဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်

## မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၏ သဘောထားထုတ်ပြန်ချက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ထို့အပြင် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်လျက်ရှိ၍ လူမှုဘဝများ ဆုံးရှုံးလျက်ရှိသဖြင့် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့၏ ရက်စက်သော အကြမ်းဖက်လုပ်ရပ်များကို မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သဘောထားထုတ်ပြန်ချက် (၇/၂၀၂၄)

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက် ၊ စနေနေ့

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိတပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးများ၊ ဒရုန်းများ အသုံးပြု၍ ပစ်ခတ်တိုက်ခိုက်ဖျက်ဆီးခဲ့ကြပါသည်။

၂။ အဆိုပါ လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကြောင့် အပြစ်မဲ့ ပြည်သူများအပါအဝင် ဆေးရုံတက်ရောက်ကုသနေရသူအချို့ ထိခိုက် သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ် ဆောင်သွားကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် သိရှိရပါသည်။

၃။ စစ်ရေးပစ်မှတ်မဟုတ်သည့် လူနေအိမ်များအပါအဝင် ရပ်ကွက်များ၊ သာသနိကအဆောက်အဦများကိုလည်း အကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့ပစ်ခတ်ဖျက်ဆီးမှုများ ပြုလုပ်နေကြသည့်အတွက် ဒေသခံများမှာ နေရပ်စွန့်ခွာနေကြရပြီး အိုးအိမ်များဆုံးရှုံးနေရခြင်း၊ လူမှုဘဝများ ဆုံးရှုံးနေရသည့်အတွက် အကြမ်းဖက်သောင်းကျန်းသူများ၏ မဆင်မခြင်ပြုလုပ်တိုက်ခိုက်နေခြင်းအား မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ လုံးဝ(လုံးဝ) လက်မခံနိုင်ပါကြောင်းနှင့်ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ် ဩဂုတ်လ ၃ ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိတပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

၂။ ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့်မသက်ဆိုင်သည့် ဒေသခံပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုများ ဆေးရုံတက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခြင်း လုပ်ရပ်များ၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခြင်းများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

## အမေရိကန်-ရုရှား အကျဉ်းသားလဲလှယ်မှု ရုရှားသမ္မတ ဗလာဒီမာပူတင်၏ အောင်ပွဲဟု အမေရိကန်သမ္မတဟောင်း ထရမ့်သုံးသပ်



**ဝါရှင်တန် ဩဂုတ် ၃**

အမေရိကန်-ရုရှား အကျဉ်းသား အပြန်အလှန်လဲလှယ်မှုသည် ရုရှားသမ္မတ ဗလာဒီမာပူတင်၏ အောင်ပွဲဟု အမေရိကန်သမ္မတဟောင်း ဒေါ်နယ်လ်ထရမ့်က ဩဂုတ် ၂ရက်တွင် သုံးသပ်ပြောဆိုလိုက်ကြောင်း ဖောက်ခ်စ်သတင်းဌာနက ဖော်ပြသည်။

အမေရိကန်အခြေစိုက် အဆိုပါသတင်းဌာနက ထုတ်လွှင့်သော တွေ့ဆုံမေးမြန်းခန်း အစီအစဉ်တစ်ခုတွင် ၄င်းက ထိုသို့ သုံးသပ်ပြောဆိုခဲ့ခြင်းဖြစ်သည်။

လူသတ်သမား၊ လူရမ်းကားများအပါအဝင် ရုရှားသမ္မတ ဗလာဒီမာပူတင် အလိုရှိနေသူများနှင့် အမေရိကန်က အကျဉ်းသားများ လဲလှယ်ရာတွင် ငွေပေးလိုက်ရသေးသလားဟု ထရမ့်က ၄င်း၏ ထရုသ်ဆိုရှယ် ကိုယ်ပိုင်လူမှုကွန်ရက်၌ မေးခွန်းထုတ်ခဲ့သည်။

ယင်းကဲ့သို့ မေးခွန်းထုတ်လိုက်ခြင်းနှင့်ပတ်သက်၍ ကွန်နက်တီကတ်ပြည်နယ်မှ ဒီမိုကရက်တစ်လွှတ်တော်အမတ် ခရစ္စမာဖီက အိတ်ခ်စ်လူမှုကွန်ရက်မှတစ်ဆင့် ထရမ့်ကို ထောက်ပြအပြစ်တင်ခဲ့သည်။

ဒေါ်နယ်လ်ထရမ့် အာဏာရစဉ်က အလားတူ အကျဉ်းသားအပြန်အလှန်လဲလှယ်မှု ပြုလုပ်ရာ အိုမန်၌ ထိန်းသိမ်းထားသည့် ဟူသီသူပုန် ၂၀၀ ကျော် ပါဝင်ခဲ့ကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



**အမေရိကန်ပြည်ထောင်စုရှိ အာဏာရဒီမိုကရက်တစ်ပါတီက ဩဂုတ် ၂ ရက်တွင် ၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲအတွက် ပါတီကိုယ်စားပြုသမ္မတလောင်းအဖြစ် တရားဝင်နာမည်စာရင်း တင်သွင်းလိုက်သော ကာမာလာဟဲရစ် ပရိသတ်ကို လက်ပြနှုတ်ဆက်နေစဉ်။** **Mon**

## ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ အင်စတာဂရမ်ကို တူရကီ၌ ပိတ်ပင်

**အီစတန်ဘူလ် ဩဂုတ် ၃**

အမေရိကန်အခြေစိုက် မယ်တာကုမ္ပဏီက အင်တာနက်ထဲတွင် တာဝန်ယူလွှင့်တင်ထားသော အင်စတာဂရမ် လူမှုကွန်ရက်ကို တူရကီနိုင်ငံ၌ ဩဂုတ် ၂ ရက်မှစတင်၍ ပတ်ပင်လိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လုပ်ကြံခံရသည့် ဟားမတ်စ်ခေါင်းဆောင်အစ္စမေးလ်ဟာနီယဲ ကွယ်လွန်ခြင်းနှင့်ပတ်သက်၍ ဝမ်းနည်းကြောင်း ရေးသားလွှင့်တင်သည်ကို အင်စတာဂရမ်က ပိတ်ပင်ခဲ့ပြီးနောက် တူရကီသမ္မတ၏ ဆက်သွယ်ရေးညွှန်ကြားရေးမှူးက မကျေမနပ်ပြောဆိုဝေဖန်ခဲ့သည်။

ထိုသို့ဝေဖန်ပြီး နောက်တစ်ရက်တွင် တူရကီနိုင်ငံ၌ အင်စတာဂရမ်ကို ပိတ်ပင်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0



## ဂျပန်နိုင်ငံ၌ ကမ္ဘာလှည့်ခရီးသွားများပြားလာ၍ စားသောက်ရန် ဆန်အခက်အခဲကြုံတွေ့

**တိုကျို ဩဂုတ် ၃**

ဂျပန်နိုင်ငံတွင် ကမ္ဘာလှည့် ခရီးသွားများ အမြောက်အမြား ရောက်ရှိလာခြင်းကြောင့် ဈေးကွက်တွင် ဆန်ဝယ်လိုအား မြင့်တက်လာ၍ အလျှင်မီရောင်းချနိုင်ရေးအတွက် ယခုရာစုနှစ်အတွင်း အခက်အခဲဆုံးအခြေအနေနှင့် ကြုံတွေ့နေရကြောင်း ကာလီတေးလ်(စ်) သတင်းဌာနက ဖော်ပြသည်။

ယခုနောက်ပိုင်းတွင် ကမ္ဘာလှည့်ခရီးသွားအရေအတွက် များပြားလာသည်နှင့်အမျှ ဆူရှီ၊ အိုနီးဂီရီ အစရှိသော ဆန်ဖြင့် အဓိကပြုလုပ်ထားသည့် အစားအစာစားသုံးမှု ပမာဏလည်း များပြားလာသည်။

ယမန်နှစ်က ရာသီဥတု အပူချိန် မြင့်တက်လာခြင်းနှင့် စိုက်ပျိုးရေ ပြတ်လပ်မှုများကြောင့် ဂျပန်နိုင်ငံတွင် စပါးအထွက်နှုန်း သိသာစွာ ကျဆင်းခဲ့သည်။

ဆန်အခြေပြုအစားအစာ စားသုံးမှု မြင့်တက်နေခြင်းနှင့် စပါးအထွက်လျော့ကျခဲ့ခြင်းတို့ကြောင့် လက်ရှိဈေးကွက်တွင် ဆန်ရှားပါးနေသော်လည်း ဆန်ဈေးနှုန်းများ တိုးမြင့်ခြင်းမရှိဟု ဂျပန်လယ်ယာဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။ **Mon**

## တရုတ်နိုင်ငံ ဟူနန်ပြည်နယ် ဂျီရှင်းမြို့တွင် ရေဘေးသင့်သူများစွာ ပျောက်ဆုံးနေ

**ပေကျင်း ဩဂုတ် ၃**

တရုတ်နိုင်ငံတောင်ပိုင်း ဟူနန်ပြည်နယ် ဂျီရှင်းမြို့တွင် ရေဘေးသင့်သူများစွာ ပျောက်ဆုံးနေသဖြင့် ကယ်ဆယ်ရေးအဖွဲ့ဝင်များက လိုက်လံရှာဖွေလျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အင်အားပြင်း တိုင်ဖုန်းမုန်တိုင်းတိုက်ခတ်ခဲ့ပြီးနောက် ဇူလိုင်လနှောင်းပိုင်းတွင် ထိုမြို့၌ မိုးသည်းထန်စွာရွာသွန်းရာ ၂၄ နာရီအတွင်း မိုးရေချိန် ၆၇၃ ဒသမ ၉ မီလီမီတာရောက်သည်အထိ စံချိန်တင်ခဲ့သည်။

ထို့နောက် ရုတ်တရက် ရေကြီးကာ မြေပြိုမှုများလည်း ဖြစ်ပွားခဲ့ရာမှ လူ ၃၀ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု ကယ်ဆယ်ရေးအဖွဲ့က အတည်ပြုကြောင်း သိရသည်။

**Mon**





## ၂၆ လက်မ ရှည်လျားသော ပင်လယ်ငါးရှဉ့်ကို ယောကျ်ားတစ်ဦး၏ဗိုက်ထဲမှ ခက်ခက်ခဲခဲထုတ်ယူ

**ဟနွိုင်း ဩဂုတ် ၃**

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ ဗီယက်ဒုခ်ဆေးရုံတွင် ဇူလိုင်လနှောင်းပိုင်းက ၂၆ လက်မ ရှည်လျားသော ပင်လယ်ငါးရှဉ့်ကို ယောကျ်ားတစ်ဦး၏ဗိုက်ထဲမှ ခက်ခက်ခဲခဲထုတ်ယူခဲ့ရကြောင်း ဒေးလီးမေးလ်သတင်းဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ငါးရှဉ့်သည် အသက် ၃၁ နှစ်အရွယ် အိန္ဒိယနွယ်ဖွား ထိုယောကျ်ား၏ဗိုက်ထဲသို့ စအိုမှတစ်ဆင့် ဝင်ရောက်သွားခဲ့ခြင်းကြောင်း ဆရာဝန်များက ပြောကြားသည်။

အူထဲ၌ အသက်ရှင်နေသော အဆိုပါငါးရှဉ့်သည် ထွက်ပေါက်ရှာပြီး ရှေ့သို့တိုးဝင်သွားခဲ့ရာမှ ထိုလူ၏ အူမကြီးနံရံများကို ကိုက်ဖြတ်ခဲ့သဖြင့် မခံမရပ်နိုင်အောင်ဗိုက်နာပြီး ယင်းဆေးရုံတွင် ဆေးကုသမှုခံယူခဲ့သည်။

ဆရာဝန်များက ဓာတ်မှန်ရိုက်ကြည့်သောအခါ ငါးရှဉ့်သည် အသက်ရှင်နေဆဲဖြစ်သဖြင့် လူ၏ဗိုက်ကိုခွဲပြီး အပြင်သို့ ညှပ်ဖြင့်ဆွဲကာ ထုတ်ယူခဲ့ခြင်းဖြစ်သည်။

အကယ်၍ ငါးရှဉ့်ကို ထုတ်မယူနိုင်ခဲ့လျှင် ယင်းယောကျ်ား၏အူများ ပြတ်တောက်ပြီး သေဆုံးသွားနိုင်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## သစ်ပင်၌ ကြိုးတုတ်ခံထားရသော အမျိုးသမီးတစ်ဦးကို မဟာရပ်ရှ်ထရာပြည်နယ် တောနက်ထဲမှ ကယ်တင်ခဲ့ရ

**ဒေလီ ဩဂုတ် ၃**

ရက်ပေါင်း ၄၀ ကြာ သစ်ပင်၌ ကြိုးတုတ်ခံထားရသည်ဆိုသော အမျိုးသမီးတစ်ဦးကို အိန္ဒိယနိုင်ငံ မဟာရပ်ရှ်ထရာပြည်နယ် ဆင်းဒူဘတ်ခရိုင်အတွင်းရှိ တောနက်ထဲမှ မကြာသေးမီက ကယ်တင်ခဲ့ရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုအမျိုးသမီး အော်ဟစ်အကူအညီတောင်းသည်ကို နွားကျောင်းသားတစ်ဦး ကြားသွားရာမှ ရွာလူကြီးများနှင့် ဒေသဆိုင်ရာ ရဲဌာနကို တိုင်ကြားသဖြင့် ရဲတပ်ဖွဲ့ဝင်များက ၄င်းကို ကယ်ဆယ်ပေးခဲ့ကြခြင်း ဖြစ်သည်။

အတူတွဲလျက်တွေ့ရသော ပြည်ဝင်ခွင့်လက်မှတ်အရ ၄င်းသည် အသက် ၅၀ အရွယ် အမေရိကန်နိုင်ငံသူ လာလီတာကာယီဖြစ်ကြောင်း ရဲတပ်ဖွဲ့က ဦးစွာ ဖော်ထုတ် သိရှိခဲ့သည်။

၄င်းကို ဆာတစ်ရှ်ဟု အမည်ရသည်ဆိုသော ခင်ပွန်းဖြစ်သူက သစ်ပင်တွင် သံကြိုးဖြင့်တုတ်ပြီး တောနက်ထဲတွင် စွန့်ပစ်ထားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ဝင်များကို ထွက်ဆိုသဖြင့် ထိုယောကျ်ား ရှိနိုင်သည့် တောင်ပိုင်း တမီးလ်နာဒူပြည်နယ်အတွင်း ရဲတပ်ဖွဲ့ဝင်များ လိုက်လံစုံစမ်းရှာဖွေလျက်ရှိသည်။

ထိုအမျိုးသမီး၏ မိုဘိုင်းဖုန်းထဲရှိ အချက်အလက်များကိုလည်း သက်ဆိုင်ရာရဲရုံထောက်များက ခြေရာခံစုဆောင်းခဲ့ကြသည်။

အမှုမှန်ပေါ်ပေါက်အောင် အမြန်ဆုံး စုံစမ်းဖော်ထုတ်ပေးရန် ဒေလီမြို့ရှိ အမေရိကန်သံရုံးက ဒေသခံရဲတပ်ဖွဲ့ကို ဖိအားပေးနေကြောင်း သိရသည်။ **Mon**

# မန်းချောင်းရေဝင်ရောက်မှုကြောင့် အောက်စက်တော်ရာ ရင်ပြင်အထက်၌ ရေတစ်ပေခွဲခန့် ဖြတ်ကျော်စီးဆင်း၊ လူဦးရေပေါင်း ၁၁၀၀ကျော် ရေဘေးသင့်



**မင်းဘူး ဩဂုတ် ၃**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၌ ယခုရက်ပိုင်း မိုးများ အဆက်မပြတ်ရွာသွန်းပြီး မန်းချောင်းရေဝင်ရောက်မှုများကြောင့် မန်းချောင်းအောက်ပိုင်းရှိ မြေနိမ့်ပိုင်း စကုမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအချို့တွင် ဩဂုတ်လ ၂ ရက်က မန်းချောင်း ရေကြီးမှုဖြစ်ပွားကာ လူဦးရေပေါင်း ၁၁၀၀ ကျော် ရေဘေးသင့်ပြီး ဘေးလွတ်ရာသို့ ကြိုတင် ပြောင်းရွှေ့ခဲ့ရကြောင်း မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ထံမှ သိရသည်။

မင်းဘူး(စကု)မြို့နယ်၌ ယခုရက်ပိုင်း မိုးများအဆက်မပြတ် ရွာသွန်းပြီး တောင်ကျချောင်းရေများစီးဆင်းကာ ရွှေစက်တော်မန်းချောင်းမှတစ်ဆင့် မြေနိမ့်ပိုင်းဒေသများတွင် မန်းချောင်းရေများ စီးဆင်းဝင်ရောက်လျက်ရှိကြောင်း၊ မန်းချောင်းရေ ဝင်ရောက်မှုများကြောင့် မန်းချောင်းအောက်ပိုင်းရှိ မြေနိမ့်ပိုင်းဒေသများဖြစ်သော ပင်လယ်သက်ကျေးရွာ၊ စကုမြို့ အမှတ်(၁)ရပ်ကွက်ရှိ မန်းကျင်းရပ်၊ အမှတ်(၃)ရပ်ကွက်ရှိ ဖောင်တန်းရပ်နှင့် ဘုရားလှရပ်၊ ကျွဲတဲကျေးရွာ၊ ညောင်ကိုင်းကျေးရွာနှင့် ဥယျာဉ်ဇင်ကျေးရွာတို့မှ အိမ်ထောင်စု ပေါင်း ၃၂၀၊ လူဦးရေပေါင်း ၁၁၉၄ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များကို အရေးပေါ်ရှာဖွေကူညီ ကယ်ဆယ်ရေး ပူးပေါင်းအဖွဲ့များက ရေဘေးလွတ်ရာနေရာများသို့ ယာယီကြိုတင်ပြောင်းရွှေ့ပေးထားကြောင်း၊ အဆိုပါရေဘေးသင့် အိမ်ထောင်စုများအတွက် ဆန် ရိက္ခာဖိုးထောက်ပံ့ငွေများ ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်က ပြောသည်။

ထို့အပြင် ငဖဲမြို့နယ်ရှိ မန်းချောင်းရေလှောင်တမံ၌ ဩဂုတ်လ ၃ ရက်၊ ယနေ့ နံနက် ၇ နာရီအချိန် တိုင်းထွာချက်အရ ပင်မရေပိုလွှဲမှ ၄ ဒသမ ၈ ပေ ရေကျော်လျက်ရှိပြီး အဆိုပါမန်းချောင်းရေများသည် တဖြေးဖြေးလျော့နည်းလာပြီး မန်းရွှေစက်တော်ဘုရားကြီးရှိ အောက်စက်တော်ရာ ရင်ပြင်အထက်၌ တစ်ပေခွဲခန့်သာ ဆက်လက်ဖြတ်ကျော် စီးဆင်းလျက်ရှိသည်။

မင်းဘူး(စကု)မြို့နယ်၌ ယခုရေကြီးမှုသည် မန်းရွှေစက်တော်ဘုရားကြီး အထက်ပိုင်းရှိ ဒေသများတွင် ယခုရက်ပိုင်း နေ့စဉ် မိုးများအဆက်မပြတ် ရွာသွန်းပြီး တောင်ကျရေများ စီးဆင်း၍ ပန်းထိမ်းမန်းချောင်းနှင့် ငဖဲမန်းချောင်းတို့မှ ပူးပေါင်း စီးဆင်းလာသော မန်းချောင်းရေများသည် ရွှေစက်တော် မန်းချောင်းမှတစ်ဆင့် စကုမြို့ပေါ်ရပ်ကွက်များနှင့် မြေနိမ့်ပိုင်းကျေးရွာများတွင်းသို့ မန်းချောင်းရေများ ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး ဧရာဝတီမြစ်အတွင်းသို့ ဆက်လက်ဖြတ်သန်းစီးဆင်း ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၅၀၀)



# ဆေးဆိုင်များတွင် စံမညီဆေးဝါးများ ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**ငါန်းဇွန် ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့၌ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းသော ဆေးဝါးများအသုံးပြုနိုင်ရန် ဩဂုတ် ၂ ရက် နံနက် ၈ နာရီခွဲက မြို့ပေါ်ရပ်ကွက်များအတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသော ဆေးဆိုင်များတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ စစ်ဆေးတွေ့ရှိရသော စံမညီ Batch No ဖြင့် ဆေးဝါးများကို ဆေးဝါးမှတ်ပုံတင်သက်တမ်းတိုးခြင်းငြင်းပယ်ခဲ့ရာ ဈေးကွက်မှ ပြန်လည်သိမ်းဆည်းရန် ၄င်း စံမညီဆေးဝါးများ ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှ တာဝန်ရှိသူများက မြို့ပေါ်ရပ်ကွက်များအတွင်းရောင်းချလျက်ရှိသော ဆေးဆိုင်များတွင် Batch No ဖြင့် စံမညီ ဆေးဝါးသုံးမျိုးအား ရောင်းချမှုမရှိစေရန်၊ ကွင်းဆင်းစစ်ဆေးပြီး ဆေးဆိုင်တာဝန်ရှိသူများအား အသိပညာပေးဆွေးနွေးခြင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ဩဂုတ် ၂ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Su Wai Kyaw" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာနေ စုဝေကျော်အား နံနက် ၁၁ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ "မတ္တရာသားလေး" Tik Tok အကောင့်နှင့် "Nyein Min Naing" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မှန်တန်းရပ်ကွက်နေ ငြိမ်းမင်းနိုင်အား ည ၆ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တပ်မတော် (လေ) မှ ရဟတ်ယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းရေးဆောင်ရွက်စဉ် စက်ချွတ်ယွင်းကာ မတော်တဆမှုဖြစ်ပွား

**နေပြည်တော် ဩဂုတ် ၃**

တပ်မတော်(လေ)မှရဟတ်ယာဉ်တစ်စင်းသည် ဩဂုတ် ၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တစ်ဝိုက်၌ လေ့ကျင့်ပျံသန်းလျက်ရှိစဉ် ရုတ်တရက် စက်ချွတ်ယွင်းမှုဖြစ်ပေါ်ခဲ့ပြီး မြေပြင်သို့ ပြုတ်ကျမှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်ဖြစ်ပွားမှုကြောင့် ရဟတ်ယာဉ်ပေါ်၌ လိုက်ပါလာသူ နှစ်ဦးကျဆုံးခဲ့ပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်တွင် ကျဆုံးခဲ့သူများ၏ ရုပ်အလောင်းများအား နီးစပ်ရာတပ်မတော်ဆေးရုံသို့ ဆက်လက်ပို့ဆောင်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ခဲ့ကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား လိုအပ်သည့်ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# ပင်စည်အခြေဆွေးမြည့်၍ သစ်ပင်လဲကျရှင်းလင်းပယ်ရှား

**မြင်းခြံ ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ဘူတာတိုက်တန်းအနောက်ဘက်တွင် ဩဂုတ် ၁ ရက် ညနေ ၄ နာရီ ၄၅ မိနစ်ခန့် မိုးရွာသွန်းပြီး ပင်စည်အခြေဆွေးမြည့်မှုကြောင့် လုံးပတ် ၄ ပေ၊ အမြင့် ပေ ၃၀ရှိ မန်ကျည်းပင်လဲကျ၍ လမ်းတွင် သစ်ကိုင်းများ ပိတ်မိနေကြောင်း သတင်းရရှိသဖြင့် မြင်းခြံခရိုင်နှင့် မြို့နယ်မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ ရှာဖွေကယ်ဆယ်ရေး သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့များ သွားရောက်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ သစ်ပင်လဲကျမှုကြောင့် လူထိခိုက်မှုမရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

# လေပြင်းတိုက်ပြီး မိုးရွာသွန်း၍ သစ်ပင်လဲကျရှင်းလင်းပယ်ရှား

**သရက် ဩဂုတ် ၃**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ ပြည်တော်အေးရပ်ကွက်၊ ဂေါက်ကွင်းလမ်း ဆောက်လုပ်ရေးဝင်းတွင် ဩဂုတ် ၁ ရက် နံနက် ၆ နာရီ ၂၅ မိနစ်ခန့် လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် သစ်ပင်လဲကျ၍ လမ်းတွင် သစ်ကိုင်းများ ပိတ်မိနေကြောင်း သတင်းရရှိသဖြင့် မင်းသရက်မြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ ရှာဖွေကယ်ဆယ်ရေး သန္တေမီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ သစ်ပင်လဲကျမှုကြောင့် လူထိခိုက်မှုမရှိကြောင်း သိရသည်။

(၀၄၅)

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Droneများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဆေးရုံတွင်တက်ရောက်ကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် မြို့တွင်းရပ်ကွက်များသို့လည်း အလားတူ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရသဖြင့် လူမှုဘဝများ ဆုံးရှုံးလျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များပေါ် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ကြေညာချက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိတပ်မတော်ဆေးရုံအား MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က သာလွန်အင်အားဖြင့် ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဆေးကုသမှုခံယူနေကြသည့် အပြစ်မဲ့ပြည်သူများ သေဆုံးခဲ့ရကြောင်းနှင့် ဆေးရုံရှိလူနာများနှင့် တာဝန်ရှိအချို့ကိုလည်း အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

၂။ ထို့အပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက် သေဆုံးခဲ့ရပြီး ဒေသခံပြည်သူအချို့မှာ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြရသည့်အတွက် လူမှုဘဝများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နေကြောင်းကို စိတ်မကောင်းစွာ ကြားသိရပါသည်။

၃။ ထိုသို့ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ စစ်ရေးနှင့် မသက်ဆိုင်သည့် ဒေသခံပြည်သူများ၊ လူနာများ ဆေးရုံတက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များ၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များကို မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)က လုံးဝ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)
(၃.၈.၂၀၂၄)

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၃ ရက်

လားရှိုးမြို့ရှိတပ်မတော်ဆေးရုံအား MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က လက်နက်ကြီး၊ Drone အသုံးပြုပြီး အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ကာ ဆေးရုံရှိ လူနာများနှင့် ဒေသခံပြည်သူများအား ပစ်ခတ်တိုက်ခိုက်သဖြင့် လူနာများသေဆုံးခဲ့ရပြီး လူနာအချို့ကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

၎င်းအပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် လားရှိုးမြို့အတွင်းရှိ ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများလည်း ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး အချို့မှာ မိမိတို့၏ အိုးအိမ်စည်းစိမ်များကို စွန့်ခွာ၍ ထွက်ပြေးတိမ်းရှောင်နေရကြောင်းကို စိတ်မချမ်းမြေ့စွာ ကြားသိရှိရပါသည်။

အကြမ်းဖက်လုပ်ရပ်များကိုလုပ်ဆောင်ခဲ့သည့် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အား မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ တက်ရောက် ကုသမှုခံယူလျက်ရှိသည့် လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များအသုံးပြုပြီး သာလွန်အင်အားဖြင့် ဝင်ရောက်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် လူနာများ ထိခိုက်သေဆုံးခဲ့ရပြီး အချို့အား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။ ထို့အပြင် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများလည်း ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး အချို့မှာနေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရကြောင်း ကြားသိရပါသည်။

အကြမ်းဖက်လုပ်ရပ်များကိုလုပ်ဆောင်ခဲ့သည့် MNDAA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့အား မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က လုံးဝ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်ရှိ တပ်မတော်ဆေးရုံကို အကြမ်းဖက်သောင်းကျန်သူ MNDAA အဖွဲ့မှ ရှေ့တိုက်ဒုံးများ၊လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှု ခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

၂။ ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သည့် ဆေးရုံအဆောက်အဦ နေရာများသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် တက်ရောက်ဆေးကုမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရမှုနှင့် MNDAA အကြမ်းဖက်သောင်းကျန်းသူများကြောင့် ဒေသခံပြည်သူများ နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရသောကြောင့် လူမှုဘဝများ ဆုံးရှုံးလျက်ရှိကြောင်း သိရှိရသဖြင့် မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

## ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းမှ သဘောထားထုတ်ပြန်ချက်

(၃.၈.၂၀၂၄)

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ပြီး တချို့အား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

၂။ MNDAAအကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့်မသက်ဆိုင်သည့် ဆေးရုံအား ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် လူနာများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခြင်းတို့သည် စစ်ရာဇဝတ်မှုကို ကျူးလွန်ခြင်းဖြစ်ပြီး အဆိုပါ လုပ်ရပ်များအပေါ် မိမိတို့ ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ သဘောထားထုတ်ပြန်ချက်

(၃.၈.၂၀၂၄)

၁။ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသော ဒေသခံပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့နှင့် ၎င်းတို့၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ကြောင်းနှင့် အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်းကို စိတ်မချမ်းမြေ့ဖွယ် ကြားသိရပါသည်။

၂။ အကြမ်းဖက်သောင်းကျန်းသူများသည် စစ်ရေးနှင့် မသက်ဆိုင်သည့် ဆေးရုံအား ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်သည့်အတွက် အဆိုပါလုပ်ရပ်အပေါ် မိမိတို့ ပိန္နဲကုန်းရခိုင်ဂျာမေဗလီက ရှုတ်ချကန့်ကွက်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ပိန္နဲကုန်းရခိုင်ဂျာမေဗလီ

## ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၃

ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့(လွယ်တော်ခမ်းရပ်ကွက်)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၂ ဒသမ ၈၀ ပေ (၃၉၀ စင်တီမီတာ) အထက်သို့ တစ်ပေခွဲခန့် (၄၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## ဧရာဝတီမြစ်ရေ ဟသ်ာတမြို့၌ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၃

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟသ်ာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၄၄ ဒသမ ၀၃ ပေ (၁၃၄၂ စင်တီမီတာ)အောက် ပေဝက်ခန့် (၁၅ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟသ်ာတမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ




## ဖူးကရက်ချ်အား ဝက်စ်ဟမ်းအသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၃**

ဝက်စ်ဟမ်းအသင်းသည် ဒေါ့မွန်အသင်း တိုက်စစ်မှူး ဖူးကရက်ချ်အား စတာလင်ပေါင် ၂၇သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန် ကြေညာခဲ့သည်။



အသက်(၃၁)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဒေါ့မွန်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၃ပွဲကစားပြီး ၁၅ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝက်စ်ဟမ်းအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဝက်စ်ဟမ်းအသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမားလေးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

(ဝဲပုံ) (NGB)

## နူဆဲရ်မာ့ဇ်ရာဝီအား ခေါ်ယူရန် မန်ချက်စတာယူနိုက်တက်အသင်း စီစဉ်

**မန်ချက်စတာ ဩဂုတ် ၃**

မန်ချက်စတာယူနိုက်တက်အသင်းသည် ဘိုင်ယန်မြူးနစ်အသင်း နောက်ခံကစားသမား နူဆဲရ်မာ့ဇ်ရာဝီအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၅ပွဲကစားပြီး ၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းကလည်း နူဆဲရ်မာ့ဇ်ရာဝီအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်း ရရှိပါက ရောင်းချသွားဖွယ်ရှိနေသည်။ **(အောက်ပုံ)**

ထို့ကြောင့် မန်ချက်စတာယူနိုက်တက်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ဘိုင်ယန်မြူးနစ်အသင်းထံမှ နူဆဲရ်မာ့ဇ်ရာဝီအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)







## အာသန်ဒိုဗစ်ခ် ရိုးမားအသင်းတွင် ကျောနံပါတ် ၁၁ ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**တူရင် ဩဂုတ် ၃**

ရိုးမားအသင်းတိုက်စစ်မှူးသစ် အာသန်ဒိုဗစ်ခ်ရိုးမားအသင်းတွင် ကျောနံပါတ် ၁၁ ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် လက်ရှိဈေးကွက်အတွင်းတွင် ဂျီရိုနာအသင်းမှ ရိုးမားအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး အာသန်ဒိုဗစ်ခ်သည် ဂျီရိုနာအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၉ပွဲကစားပြီး ၂၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရိုးမားအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ အာသန်ဒိုဗစ်ခ်က "ကျွန်တော် ရိုးမားအသင်းမှာ ကျောနံပါတ် ၁၁ ဂျာစီအား ဝတ်ဆင်ကစားသွားမှာပါ။ ကျွန်တော့်ကို နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ရိုးမားအသင်းနှင့်အတူ ပွဲထွက်ကစားဖို့ မစောင့်နိုင်လောက်အောင်ပါပဲ"ဟု ပြောသည်။

(အပေါ်ပုံ) (NGB)

## ဘောလုံးသတင်းအတိုအထွာများ

* ဝက်စ်ဟမ်းအသင်းသည် မန်ချက်စတာယူနိုက်တက်အသင်း နောက်ခံကစားသမား ဝမ်ဘစ်ဆာကာအား ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ဥရောပကလပ်အသင်းများဖြစ်သည့် ရီးရဲလ်မက်၊ အက်သလက်တီကိုမက်ဒရစ်အသင်းတို့နှင့် ဂျူဗင်တပ်အသင်းနှင့် လမ်းခွဲခဲ့သည့် ရာဘီယော့စ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

* မာဆေးလ်အသင်းသည် အာဆင်နယ်အသင်းကစားသမား အန်ကီတီယာအား ခေါ်ယူရန် ပုဂ္ဂိုလ်ရေးသဘောတူညီမှု ရရှိခဲ့ကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။

(NGB)

## ဆိုလန်ကီ၏ ပြောင်းရွှေ့ကြေးအား ယူရို သန်း ၄၀အထိ ဘုန်းမောက်အသင်းအလိုရှိ

**လန်ဒန် ဩဂုတ် ၃**

ဘုန်းမောက်အသင်းသည် အသင်းတိုက်စစ်မှူး ဆိုလန်ကီ၏ ပြောင်းရွှေ့ကြေးအား ယူရို သန်း ၄၀အထိ အလိုရှိနေသည်။

အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် စပါးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တိုက်စစ်မှူး ဆိုလန်ကီသည် ဘုန်းမောက်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၁၆ပွဲကစားပြီး ၇၇ဂိုးထိ သွင်းယူကာ ခြေစွမ်းပြထားနိုင်ခဲ့ခြင်းကြောင့် စပါးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဘုန်းမောက်အသင်းကလည်း ဆိုလန်ကီအတွက် ၄င်းတို့အလိုရှိသည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် စပါးအသင်းအနေဖြင့် ဘုန်းမောက်အသင်း သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ဆိုလန်ကီအား ရရှိအောင် ခေါ်ယူနိုင်မည်လား ဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ) (NGB)



## စမစ်ရို့စ်အား ငါးနှစ်စာချုပ်ဖြင့် ဖူလ်ဟမ်အသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၃**

ဖူလ်ဟမ်အသင်းသည် အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား စမစ်ရို့စ်အား ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန် ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် အာဆင်နယ်အသင်း




နှင့်အတူ ၂၀၁၈-၂၀၁၉မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၅ပွဲကစားပြီး ၁၈ ဂိုးထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖူလ်ဟမ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဖူလ်ဟမ်အသင်းထုတ်ပြန်ချက်တွင် "စမစ်ရို့စ်အား ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းကို ရလဒ်ကောင်းတွေရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။

(ဝဲပုံ) (NGB)

## ၂၀၂၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၅)

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(ပွဲစဉ် - ၁၊ ၂၊ ၃၊ ၄ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၄-၈-၂၀၂၄<br>တနင်္ဂနွေနေ့ | ညနေ ၃း၃၀ နာရီ<br>(တောင်ကြီးကွင်း) | (၁)ရှမ်း - ရန်ကုန်(၂)<br>(W,W,W,W) (W,W,D,W) | ရှမ်း ၀-၀ ရန်ကုန်<br>ရန်ကုန် ၀-၀ ရှမ်း |
| ။ | ညနေ ၄း၀၀ နာရီ<br>(သုဝဏ္ဏကွင်း) | (၇)မဟာ - ဒဂုံဆိပ်ကမ်း(၉)<br>(W,L,W,L) (L,W,L,L) | - |

## နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | | |
|---|---|---|---|---|
| ၄-၈-၂၀၂၄<br>တနင်္ဂနွေနေ့ | ည၈း၃၀ နာရီ | ဘုန်းမောက်(အင်္ဂလန်) | - | ဗက်လက်ကာနို(စပိန်) |
| ။ | ည၁၀း၃၀ နာရီ | ပါးမား(အီတလီ) | - | အတ္တလန်တာ(အီတလီ) |
| ။ | ည၁၁း၃၀ နာရီ | အက်စ်ပန်ညို(စပိန်) | - | တူးလော့(ပြင်သစ်) |
| ။ | ။ | ဗီအိုရင်တီးနား(အီတလီ) | - | မောင့်ပယ်လီယာ(ပြင်သစ်) |
| ။ | ။ | ကာဒစ်ဇ်(စပိန်) | - | ဘန်လေ(အင်္ဂလန်) |

## 2024 Olympics တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Novak Djokovic တက်ရောက်

**ပဲရစ် ဩဂုတ် ၃**

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Olympics တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ နာမည်ကျော် ဆားဘီးယားတင်းနစ်ကစားသမား Novak Djokovic တက်ရောက်ခဲ့သည်။ **(အောက်ပုံ)**



အဆိုပါ ဆားဘီးယား တင်းနစ်ကစားသမား Novak Djokovic သည် 2024 Olympics တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အီတလီ တင်းနစ်ကစားသမား Lorenzo Musetti အား ၆-၄၊ ၆-၂ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2024 Olympics တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဆားဘီးယားတင်းနစ်ကစားသမား Novak Djokovic နှင့် စပိန် တင်းနစ်ကစားသမား Carlos Alcaraz တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (NGB)

# မြန်မာပြည်အလယ်ဗဟိုချက် ပြက္ခရွေတောင်ရှိ အနော်ရထာမင်းကြီး တည်ထားခဲ့သော ပဥ္စမစွယ်တော်ရှင်စေတီတော်အား ပြန်လည်ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများပြီးစီးမှု အခြေအနေနှင့် မြေတိုင်းမှတ်တိုင် တိုင်းတာစစ်ဆေးနေမှုများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ကြည့်ရှု

**မန္တလေး ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ကူမဲမြို့အရှေ့တောင်ဘက် ၉ မိုင်ခန့်အကွာ မြသုခရွာအနီး မြန်မာပြည်အလယ်ဗဟိုချက် ပြက္ခရွေတောင်ရှိ အနော်ရထာမင်းတည်ထားခဲ့သည့် ပဥ္စမစွယ်တော်ရှင်စေတီတော်အား ပြန်လည်ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းပြီးစီးမှု အခြေအနေများကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက သွားရောက် ဖူးမြော်ကြည့်ရှုခဲ့သည်။

ဦးစွာ မြင့်မိုရ်ဦးကျောင်းတွင် နိုင်ငံတော်ဩဝါဒါစရိယ၊ မိတ္ထီလာ၊ အာသောကာရုံရေလည်ကျောင်းဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တလာဘာဝမဟာထေရ် အမှူးပြုသော ဆရာတော် ၊ သံဃာတော်များကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ မိသားစု၊ တာဝန်ရှိသူများ၊ အလှူရှင်များကဖူးမြော်၍ ဆရာတော်ကြီးထံက ငါးပါးသီလခံယူ ဆောက်တည်ကြကာ ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဥ္စမစွယ်တော်ရှင်စေတီတော်အား ရှေးဟောင်းလက်ရာမပျက် ပြန်လည်ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆရာတော်ကြီးထံက ဩဝါဒများ ခံယူခဲ့သည်။

၎င်းနောက် နိုင်ငံတော်ဩဝါဒါစရိယ၊ မိတ္ထီလာ၊ အာသောကာရုံရေလည်ကျောင်းဆရာတော်နှင့် ဆရာတော်၊ သံဃာတော်များထံ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ မိသားစု၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ဝါဆိုသင်္ကန်း ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းကြပြီး ရေစက်အနုမောဒနာ တရားနာယူကြည်ညိုကြ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီးနောက် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပဥ္စမစွယ်တော်ရှင်စေတီတော်အား ဖူးမြော်ကြည်ညိုပြီး ရှေးဟောင်းလက်ရာမပျက် ပြန်လည်ပြုပြင်မွမ်းမံခြင်း လုပ်ငန်းဆောင်ရွက်နေမှုများ ပြီးစီးမှု အခြေအနေ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြေတိုင်းဦးစီးဌာန၊ မြန်မာနိုင်ငံမြေတိုင်းကျောင်း၊ ကျောင်းအုပ်ကြီး(ညွှန်ကြားရေးမှူး)နှင့်တိုင်းတာရေးအဖွဲ့မှ မြန်မာနိုင်ငံဗဟိုချက်ဖြစ်သော ပြက္ခရွေတောင် မြေတိုင်းမှတ်တိုင်အား ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်ရန် တိုင်းတာစစ်ဆေးနေမှုများကို လိုက်လံကြည့်ရှုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

၀-၀-၀

















## မဏ္ဍုသကနတ်ပန်းအခြေခံတန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်လှစ်



**ညောင်ဦး ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ပုဂံမြို့ လောကနန္ဒာစွယ်တော် မြတ်စေတီဓမ္မာရုံ၌ မဏ္ဍုသကနတ်ပန်း အခြေခံတန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီက သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး၊ ညောင်ဦးခရိုင် စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါ်သီတာထွန်းက မဏ္ဍုသကနတ်ပန်း အခြေခံတန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်ရခြင်းစပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြကေသီက ရုံးချုပ်၊ နေပြည်တော်က မဏ္ဍုသကနတ်ပန်းမှ အခြေခံတန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းအား စာတွေ့၊ လက်တွေ့ ပို့ချပေးသွားမည်ဖြစ်ကြောင်း မိတ်ဆက်ပြောကြားသည်။

ဆက်လက်၍ မဏ္ဍုသကနတ်ပန်း အခြေခံတန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်မှုနည်း ပညာသင်တန်းတွင် လက်တွေ့အသုံးပြုမည့် ပါဝင်ရမည့်ပစ္စည်းများအား ညောင်ဦးခရိုင်၊ မြို့နယ်တာဝန်ရှိသူများနှင့် သင်တန်းသူများအား ရှင်းလင်းပြောကြားကာ သင်တန်းတက်ရောက်မည့် သင်တန်းသူများနှင့် အမှတ်တရမှတ်တမ်းဓာတ်ပုံများရိုက်ကူးခဲ့သည်။ မဏ္ဍုသကနတ်ပန်း အခြေခံတန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းတွင် စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်သွားမည်ဖြစ်ရာ စားသောက်ကုန်အဖြစ် မဏ္ဍုသကနတ်ပန်းလက်ဖက်ခြောက်၊ မဏ္ဍုသကနတ်ပန်းဝိုင်၊ မဏ္ဍုသကနတ်ပန်း Syrub၊ မဏ္ဍုသကနတ်ပန်းယို၊ လူသုံးကုန်ပစ္စည်းအဖြစ် မဏ္ဍုသကနတ်ပန်းခေါင်းလျှော်ရည်၊ မဏ္ဍုသကနတ်ပန်းရေချိုးဆပ်ပြာ၊ မဏ္ဍုသကနတ်ပန်း မျက်နှာသစ်ဆပ်ပြာခဲ၊ မဏ္ဍုသကနတ်ပန်း ဆံသားအားဖြည့်ဆေး၊ မဏ္ဍုသကနတ်ပန်း အဆီတန်ဖိုးမြှင့်ထုတ်ကုန်များ၊ ထုတ်လုပ်ခြင်း တတ်သည်အထိ သင်ကြားပေးသွားမည် ဖြစ်သည်။ သင်တန်းကာလမှာ ဩဂုတ် ၁ ရက်မှ ၃ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲထိ သင်ကြားပေးသွားမည်ဖြစ်ကာ သင်တန်းသူ ၁၅ ဦးတို့ဖြင့် သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းပြီးမြောက်ပါက အိတ်ပိတ်စက်တို့အား ပေးအပ်ချီးမြှင့်သွားမည် ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊ သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

(၄စ၁)



➤ စာမျက်နှာ ၂၄ မှ

သွင်းယူနိုင်ခြင်းမရှိသောကြောင့် ပင်နယ်တီ အဆုံးအဖြတ်ခံယူခဲ့ရသည်။

ပင်နယ်တီအဆုံးအဖြတ်တွင် စပိန်အသင်းက ကိုလံဘီယာအသင်းအား လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရယူကာ ဆီမီးဖိုင်နယ်အဆင့်သို့ ထိုက်ထိုက်တန်တန်တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

**(NGB)**




## မိုးရာသီတွင် ဖြစ်ပွားတတ်သည့်ရောဂါများ ကြိုတင်ကာကွယ်နှိမ်နင်းရေး အသိပညာပေးဟောပြော

**ဇေယျာသီရိ ဩဂုတ် ၃**

နေပြည်တော်ကောင်စီ၏ ကြီးကြပ်မှုဖြင့် နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မိုးရာသီတွင် ဖြစ်ပွားတတ်သည့် ရောဂါများ ကြိုတင်ကာကွယ်နှိမ်နင်းရေး အသိပညာပေးဟောပြောခြင်းနှင့် ကွင်းဆင်းဆောင်ရွက်ခြင်းများကို ဩဂုတ် ၂ ရက် နံနက်ပိုင်းက ကျည်တောင်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

ဟောပြောပွဲတွင် နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဒေါက်တာသန်းနိုင်စိုးက မိုးရာသီတွင် ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါများအကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါအကြောင်း၊ ခြင်နှင့်ယင်ကောင်များကြောင့် ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါများအကြောင်းကို ရှင်းလင်းဟောပြောခဲ့ပြီး ဇေယျာသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝေယံအောင်က ပိုးလောက်လန်းသေ(အဘိတ်)ဆေးခတ်ခြင်းအကြောင်းနှင့် အခြားကူးစက်ရောဂါများအကြောင်းကို ရှင်းလင်းဟောပြောခဲ့ပြီး ဟောပြောပွဲသို့ တက်ရောက်လာသည့် ကျည်တောင်ကျေးရွာအုပ်စုအတွင်းမှ ပြည်သူများက သိရှိလိုသည်များ မေးမြန်းခဲ့ရာ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တိုင်းဦးစီးမှူးနှင့်တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားပေးခဲ့သည်။



ထို့နောက် နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဒေါက်တာသန်းနိုင်စိုးနှင့် တာဝန်ရှိသူများက ကျည်တောင်ကျေးရွာအတွင်းရှိ နေအိမ်များသို့သွားရောက်ပြီး ခြင်ကိုက်ခံရခြင်းကြောင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု အများဆုံးကာလဖြစ်သည့် မိုးရာသီသို့ရောက်ရှိလာပြီဖြစ်သဖြင့် ရေလှောင်ကန်များထဲသို့(အဘိတ်)ဆေးများအားသွား ရောက်ခတ်ပေးခြင်းနှင့် ဘုရားစင်ပေါ်ရှိ ညောင်ရေအိုး များ၊ ပန်းအိုးများတွင်လည်း ပိုးလောက်လန်းများ မကျရောက်စေရန်အတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ပေးခဲ့ပြီး သွေးလွန်တုပ်ကွေးဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် အသိပညာပေးခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ပန်းမန်သစ်ပင်**

**လေသန့်စင်၍**

**ဥယျာဉ်တောတန်း**

**စိတ်ရွှင်လန်း၏။**

# ပြန်လှည့်ကြည့်ဖြစ်တဲ့ သက္ကရာဇ်များ (၈၁)




'ပိုင်စိုးဝေ သို့မဟုတ် ကမ်းပါးမရှိတဲ့ မြစ်တစ်စင်း' အင်တာဗျူးဆောင်းပါးတွင် ဆရာပိုင်စိုးဝေအား ပထမဆုံးမေးခွန်းအဖြစ် ကျွန်တော်က အောက်ပါအတိုင်း မေးကြည့်သည်။

**မေး ♦** 'ထင်ရှားကျော်ကြားမှုနဲ့ ပုံနှိပ်စာလုံးအဖြစ် ဖော်ပြခံရမှုကိုဦးတည်ပြီး ကဗျာကို သေးသိမ်စွာတွက်ချက်နေသူတွေကိုတော့ ကျွန်တော်တို့ ရယ်မောပစ်လေ့ရှိတယ်…'လို့ ဟိုတုန်းက နေမင်းပိုင်စိုးနဲ့ ကဗျာခရီးသွားတစ်ဦး ပြောခဲ့တာလေးနဲ့ပတ်သက်ပြီး အခုပုံနှိပ်စာလုံးတွေအဖြစ်နဲ့ တွေ့နေရတဲ့ ပိုင်စိုးဝေအနေနဲ့ ဘယ်လိုများ ခံစားရပါသလဲ။ ရယ်မောနေတုန်းပဲလား'

**ဖြေ ➤** 'ရယ်မောနေတုန်းပါပဲ…။ ဒီကမ္ဘာကြီးရဲ့ လှောင်ပြောင်ရယ်မောစရာအဖြစ် မျိုးစုံတွေအထဲမှာ စာပေလောကရဲ့ အမြီးအမောက်မတည့်မှုတွေဟာလည်း ထာဝရမပြောင်းလဲနိုင်တဲ့ အမြဲတမ်း မှန်ကန်နေတဲ့ သစ္စာတရားတစ်ခုများ ဖြစ်နေလား မသိဘူး။ ရယ်မောနေရတုန်းပါပဲ'

ထင်ပေါ်ကျော်ကြားမှုဆိုတာ လူသားတိုင်း တပ်မက်ကြတဲ့ သဘာဝတရားပဲလို့ ကိုယ့်နှလုံးသားမကြည်လင်မှုကို ခွင့်လွှတ်ဖို့ သဘာဝတရားဆီက အသနားခံလွှာမတောင်းခံပါနဲ့။ မရေးဘဲမနေနိုင်လို့ ရေးပြီးသားကဗျာတစ်ပုဒ်ကို မဂ္ဂဇင်းတိုက်ရှိရာ ပို့လွှတ်လိုက်ရတယ်ဆိုတဲ့အဆင့်ထိ ကဗျာဆရာတစ်ယောက်အပေါ် နားမလည်နိုင်စရာအကြောင်း မရှိပါဘူး။ သူရေးတဲ့ကဗျာ ညှံ့ဖျင်းနေစေဦးတော့ပေါ့။

ထင်ပေါ်ကျော်ကြားမှုဆိုတာကတော့ ကဗျာဆရာတစ်ယောက်အနေနဲ့ မတွဲစပ်သင့်တဲ့စကားလုံး တစ်လုံးပါ။ အခုတော့ ထင်ရှားကျော်ကြားမှုအတွက် အုပ်စုတွေ ဖွဲ့နေကြရတယ်။ ထင်ရှားကျော်ကြားမှုအတွက် ဆရာမွေး၊ တပည့်မွေး လုပ်နေကြရတယ်။ ထင်ရှားကျော်ကြားမှုအတွက် ကိုယ့်သိက္ခာကို စွန့်လွှတ်နေကြရတယ်။ ထင်ရှားကျော်ကြားမှုအတွက် မလိုအပ်တဲ့လူတွေဆီမှာ ခြေဆုပ်လက်နယ် ပြုနေကြရတယ်။ မရှိတဲ့အရာတွေကို အရှိလုပ်ပြီး ငြင်းခုန်နေကြရတယ်။ စကားလုံးတွေနောက် လိုက်နေကြတယ်။

အမှန်တရားကို ကျောခိုင်းနေကြရတယ်။ ကင်းမြီးကောက် ထောင်ပြနေကြရတယ်။ ကိုယ့်အတွင်းသဘောနဲ့ မကိုက်ညီတဲ့အကြောင်းအရာတွေကို ပင်ပန်းဆင်းရဲခံပြီး ဖွတ်အတင်းဖန်တီး ချွေးဒီးဒီးကျအောင် မောပန်းနေကြရတယ် မဟုတ်ပါလော။

ပုံနှိပ်စာလုံးအဖြစ်ဆိုတာကတော့ကော ကဗျာဆရာတစ်ယောက်က မလွန်ဆန်နိုင်လောက်ရအောင် ဘယ်လောက်များ အမှန်တရားနဲ့ နီးစပ်နေလို့လဲ။

ထင်ပေါ်ကျော်ကြားမှုအတွက် သက်သက်မဟုတ်ဘဲ တကယ်တန်းခံယူချက်ရှိတဲ့ ကဗျာဆရာတစ်ယောက်အဖို့တော့ ပုံနှိပ်စာလုံးဆိုတာ အဓိကမဟုတ်ပါဘူး။ ခံယူချက်မရှိဘူးဆိုရင်တော့ ကဗျာရေးနည်းလေး လေ့လာလိုက်၊ စာတိုက်ပုံးထဲ ပြေးပြေးထည့်လိုက်၊ ဒီလောက်နှင့်ပဲ အချိန်ကုန်နေမှာ။ ရေးကာစ လက်သင်ကဗျာလောကထဲ တိုးဝင်ဖို့ ကြိုးစားကာစကလေးတွေကိုချည်း ပြောတာမဟုတ်ဘူး။ လူကြီးတွေလည်း ဒီလိုကဗျာဆရာတွေ အများကြီးပဲပေါ့။ ကဗျာဆိုတာ လက်နဲ့ရေးတယ်။ ပုံနှိပ်စာလုံးအဖြစ်နဲ့ စာအုပ်ထဲပါရတယ်။ ပိုက်ဆံရတယ်။ ဒီလောက်ပဲ အဓိပ္ပာယ်ရှိလိမ့်မယ်။

ပုံနှိပ်စာလုံးဖြစ်မှုထက် ကဗျာကို အစစ်အမှန်မြတ်နိုးပြီး ကဗျာမရေးရမနေနိုင်တဲ့ ကဗျာဆရာတစ်ယောက်ကတော့ သူ့မှတ်စုစာအုပ်ဟာ သူ့ကဗျာတွေဖော်ပြဖို့ ကျယ်ပြန့်တဲ့ကမ္ဘာကြီးတစ်ခုဖြစ်လိမ့်မယ်။

သူ့ကဗျာတွေ ဘယ်သူမှဖတ်ခွင့်မရလည်း ဝမ်းနည်းနေမှာ မဟုတ်ဘူး။ သူဟာတစ်ယောက်တည်း လမ်းလျှောက်ထွက်သွားမယ်။ တောင်တန်းတွေရှိရာဆီ ဦးတည်ပြီး သူလျှောက်သွားမယ်။ သူ့ရင်ထဲက ခံစားမှုအပြည့်နဲ့ သူ့ကဗျာကို သူရွတ်ဖတ်မယ်။

တောင်တန်းတွေဆီက ပဲ့တင်ရိုက်ခတ်ပြီး ပြန်လာတဲ့အသံတွေဟာ သူ့နှလုံးသားထဲ ပြန်လည်ဝင်ရောက်လာမယ်။ ငြိမ်းချမ်းမှုကို သူခံစားမယ်။ သူ့ ကဗျာကို သူပြန်ခံစားရင်း လူတွေရဲ့ သဘာဝတရား အပေါ်နားလည်မှုတွေ သူ့မှာ တဖြည်းဖြည်းတိုးပွား လာမယ်။

ဒီလို ဦးညွှတ်ဂုဏ်ပြုလောက်တဲ့ ပုံနှိပ်စာလုံးကို ပမာမခန့်တဲ့ကဗျာဆရာတွေ မရှိမဟုတ်၊ ရှိကိုရှိပါတယ်။ ကျွန်တော်သိတဲ့ ကျွန်တော့်မိတ်ဆွေတွေထဲမှာကိုပဲ အများကြီးပါ။ တောင်တွင်းကြီးမှာ မန္တလေးမှာ၊ မုံရွာမှာ စသည်ဖြင့်ပေါ့လေ…။

အခုပုံနှိပ်စာလုံးတွေအဖြစ်နဲ့တွေ့နေရတဲ့ ပိုင်စိုးဝေဆိုတာကတော့ အင်း… တစ်ခါတစ်ခါ ရယ်စရာကောင်းတဲ့ကဗျာတွေကို ရေးနေရတဲ့ ကဗျာဆရာတစ်ယောက် ဖြစ်ကောင်းဖြစ်မှာပေါ့။

နောက်ထပ် ဆရာပိုင်စိုးဝေကို ကျွန်တော်မေးဖြစ်တဲ့ မေးခွန်းများမှာ-

**မေး ♦** ကလောင်အမည်တစ်ခုကို အဆုံးအရှုံးခံပြီး အခြားကလောင်အမည်တစ်ခု ပြောင်းလဲရတဲ့အတွက် ဝမ်းနည်းကြေကွဲ မဖြစ်မိဘူးလား။

**ဖြေ ➤** သိပ်ကို ဝမ်းနည်းမိတာပေါ့။ ဒီကိစ္စနဲ့ပတ်သက်ပြီး ခင်မင်တဲ့မိတ်ဆွေတွေရဲ့ ဝေဖန်ပြောဆိုမှုကို အခုထိ ခံစားနေရဆဲပါပဲ။ ထားပါတော့ဗျာ။ ဒီကိစ္စတွေကို ဒီနေရာမှာ ဖြေရှင်းနေလို့ ဘယ်သူမှ အကျိုးမရှိလှပါဘူး။

**မေး ♦** ၁၉၇၇ခုလောက်က ကဗျာဆရာပိုင်သနဲ့တွဲပြီး (အိမ်ကွေတာ အော်သံ)ဆိုတဲ့ ကဗျာစာအုပ်ကလေး ထုတ်ခဲ့ဖူးတာ သိရပါတယ်။ အခုဆို ပိုင်သက ဒါရိုက်တာ ဖြစ်နေပြီ။

နောက်ပြီး တေးရေးဆရာ ကိုဝင်းမင်းထွေးနဲ့လည်း ရင်းနှီးကျွမ်းဝင်တဲ့ မိတ်ဆွေတွေပဲ မဟုတ်လား။ ဆရာ သုခမိန်လှိုင်တို့၊ မောင်လပြည့်ဝန်းရေးတဲ့ ကိုနေဝင်းတို့ကိုလည်း ရင်းနှီးဖြတ်သန်းခဲ့ဖူးတယ်ဆိုတာ သိရတယ်။

အဲဒီတော့ ဆရာ ကျွန်တော်မေးချင်တာက အခြေအနေပေးလာခဲ့ရင် အဲဒီတေးရေးဆရာ၊ ဒါရိုက်တာဆိုတဲ့ ဘဝတွေနဲ့ ကဗျာဆရာ၊ စာရေးဆရာဘဝ ဘယ်ဘဝကို ပွေ့ဖက်ရင်ခုန်မလဲ။

**ဖြေ ➤** 'ခင်ဗျားမေးတဲ့မေးခွန်းအတွက် ခင်ဗျားလိုချင်တဲ့အဖြေကို ကျွန်တော်လွယ်လွယ်ကလေး ပေးလိုက်နိုင်ပါတယ်။ ကဗျာဆရာတစ်ယောက်ဖြစ်ပြီးရင် နောက်ထပ်ဘာမှမလိုချင်တော့ဘူးလို့ အဲဒီလိုမဟုတ်လား…။ ဒါပေမဲ့ ကျွန်တော် အဲဒီလိုမဖြေပါဘူး။ ဒါပေမဲ့ အဲဒီအတိုင်းပဲ မဟုတ်လား'

တကယ်တော့ လူတစ်ယောက်ချင်းဟာ ပါးလွှာတင်းမာနေတဲ့ အစမ်းသပ်ခံ မျက်နှာပြင်ပေါ်မှာ ကိုယ့်နည်းနဲ့ကိုယ် လမ်းလျှောက်နေကြရတဲ့ သူတွေချည်းပါပဲ။ ကျွန်တော် ဘာကိုရွေးချယ်မလဲဆိုတာ ကျွန်တော် ဘယ်လိုပြောခဲ့သလဲဆိုတဲ့အပေါ် တရားသေမှတ်ယူလို့ မရနိုင်ပါဘူး။

အဲဒီတော့ဗျာ၊ ကျွန်တော်ဆိုလိုတာက ဘယ်ဘဝကို ပွေ့ဖက်ရင်ခုန်မလဲ ဟုတ်လား။ အဲဒီအမေးအတွက် အခုကျွန်တော်ဘာလုပ်နေသလဲ၊ ကျွန်တော်ရဲ့ ရင်ခုန်ပွေ့ဖွေးမှုဟာ ဘယ်ပေါ်မှာတည်ရှိနေသလဲ။ ကျွန်တော်နေထိုင်ခဲ့တဲ့ နေ့စဉ်ဘဝကို ခင်ဗျားဟာ ခင်ဗျားသုံးသပ်ပြီး ကျွန်တော် ဘာကိုရွေးချယ်မလဲဆိုတာ ခင်ဗျားကိုယ်တိုင် အမှတ်ပေးနိုင်ခဲ့ရင် ပို မကောင်းဘူးလား…။ ကျွန်တော့်အကြောင်း ကျွန်တော်ကိုယ်တိုင် အကဲဖြတ်ပိုင်ခွင့်ရှိမှ မရှိဘဲ။ ရှိနေတယ်ဆိုရင်တော့ ကျွန်တော်ဟာ အားလုံးရွှေနဲ့လုပ်ထားတဲ့ လူတစ်ယောက်ပေါ့။

ကိုယ်ကိုယ်တိုင်ရဲ့ရွေးချယ်မှုဟာ အခြားလူတွေနဲ့ နှိုင်းယှဉ်ပြောပြတဲ့အခါ သူတို့ရဲ့ဘဝလမ်းကြောင်းတွေကိုလည်း ထည့်တွက်စဉ်းစားရမှာပေါ့။ ကဗျာဆရာ၊ စာရေးဆရာဘဝ၊ တေးရေးဆရာဘဝ၊ ဒါရိုက်တာဘဝဆိုတာတွေဟာ ကိုယ်ရွေးချယ်ချင်တိုင်း ရွေးချယ်လို့ရတာ မဟုတ်ပါဘူး။ ဘာတဲ့ဗျာ၊ ကျွန်တော်တို့ဆီမှာ ခေတ်စားနေတဲ့ ဟို… အနောက်တိုင်းကလာတဲ့ ဝါဒတစ်ခုက ကိုယ့်ဘဝ ကိုယ့်ဟာကိုယ် ရွေးချယ်တာပဲတဲ့။

ဟုတ်လား၊ ကျွန်တော်ကတော့ အဲဒီလို မယုံကြည်ပါဘူး။ ခင်ဗျားပြောတဲ့ အဲဒီကျွန်တော့်မိတ်ဆွေတွေဟာ တေးရေးဆရာဘဝ၊ ဒါရိုက်တာဘဝဆိုတာတွေကို သူတို့ကြိုက်လွန်းလို့ သူတို့ဟာ သူတို့ ရွေးချယ်ခဲ့တာ ဟုတ်မှဟုတ်ပါရဲ့လား…။ ဟုတ်ချင်လဲ ဟုတ်မှာပေါ့လေ။ (သူတို့နဲ့ နောက်တစ်ကြိမ်တွေ့မှ ကျွန်တော်မေးကြည့်ရပါဦးမယ်။)

အဲဒီတော့ဗျာ၊ လိုရင်းပြောရရင် ကဗျာဆရာ၊ စာရေးဆရာဘဝကိုပဲ ကျွန်တော်ရွေးချယ်မယ်။ အခြားဘာကိုမှ မရွေးချယ်ပါဘူး။ အခြားအရာတွေကို ကျွန်တော်မရွေးချယ်တာက အဲဒီဆရာတွေလို ကျွန်တော် မစွမ်းဆောင်နိုင်လို့ပါဘဲ။ ဒါကိုချစ်လွန်းလို့၊ ဒါကိုပဲ လုပ်နေတာမျိုး၊ ဂုဏ်ယူပြောဆိုစရာ အကြောင်းမရှိပါဘူး။ ဒါကိုပဲ လုပ်တတ်လို့ ဒါကိုပဲ ရွေးချယ်တဲ့သဘောပါ။

ကျွန်တော်က ဆရာပိုင်စိုးဝေကို မေးဖြစ်သော မေးခွန်းအချို့နှင့် ဆရာပိုင်စိုးဝေ၏ အဖြေများဖြစ် သည်။ မာဆိုးဘုံ ကလောင်ဖြင့် ရေးသားခဲ့သော 'ကမ်းပါးမရှိတဲ့ မြစ်တစ်စင်း' အင်တာဗျူး ဆောင်းပါးမှာ ရုပ်ရှင်တေးကဗျာတွင် နှစ်လ ဆက်တိုက် ဖော်ပြခြင်းခံခဲ့ရပါသည်။

**သွယ်အောင်**



# ရုပ်ရှင်ကဏ္ဍ

## စိတ်ကကြိုး

ရွက်နဝေ

ရုပ်ရှင်ချစ်ပရိသတ်တွေအတွက် ဒီတစ်ပတ်မှာတော့ စိတ္တဇဆန်ဆန်ဇာတ်ကားတွေကို ကြိုက်နှစ်သက်တဲ့သူတွေအတွက် "စိတ်ကကြိုး" ရုပ်ရှင်ကားကြီးကို ပြသနေပါပြီ။

ဇာတ်ကားထဲမှာ နိုင်ငံကျော်ရုပ်ရှင်သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်၊ ခင်ဝင့်ဝါ၊ နေထူး၊ ထွန်းပုလဲရတနာ၊ ကျော်ရဲအောင်၊မျိုးသန္တာထွန်း၊ ညီနန္ဒ၊ မေပန်းချီ၊ထူးသာ၊ စိုးမိုးကြည်၊နန္ဒကျော်စွာ၊ပြည့်ဖြိုး၊ ဒေါင်းဝေ၊ စိုးမိုးကြည်၊ ပိုးဝတီသာ၊ဒေါ်ခင်ခင်ကြီးနဲ့ သရုပ်ဆောင်များစွာပါဝင်ရိုက်ကူးထားတဲ့ စိတ္တဇဆန်ဆန်ဇာတ်ကားတစ်ကားဖြစ်ပါတယ်။

"စိတ်ကကြိုး" ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ ဩရသ၊ဇာတ်လမ်းဇာတ်ညွှန်း သက်ဦးမောင်၊ ရိုက်ကွင်းဇာတ်ညွှန်း မင်းလွင်အုံ၊ တွဲဖက်ဒါရိုက်တာ စိုးထွဋ်၊ စိတ်ဝင်စားစရာ ဇာတ်ကွက်တွေနဲ့ ရိုက်ကူးပုံဖော်ထားပြီး စိတ္တဇဆန်ပြီးလျှို့ဝှက်ချက် ဇာတ်ကွက်တွေကို ကြည့်ရှုရမှာဖြစ်ပါတယ်။

လျှို့ဝှက်ချက်တွေနဲ့ စိတ္တဇဆန်ဆန် ဇာတ်လမ်းကိုမှ ကြိုက်နှစ်သက်တဲ့သူတွေနဲ့ စိုင်းစိုင်းခမ်းလှိုင်ရဲ့ဇာတ်ကားတွေကို ကြိုက်နှစ်သက်သူတွေအတွက် "စိတ်ကကြိုး" ဇာတ်ကားကတော့ ကြည့်ရှုဖို့ကောင်းတဲ့ဇာတ်ကားဖြစ်ပြီး မန္တလေးမြို့မှာဆိုရင်တော့ Win Lite, Point ,Mingalar Cinema Central point, Mingalar Masoeyein Complex, Mingalar Cinema Yama (Amarapura) ရုပ်ရှင်ရုံတွေမှာ သွားရောက်ကြည့်ရှုနိုင်ပါပြီ။




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## မိခင် ရောဝတီ

\- - - - -

* နှစ်မြွှာဖြစ်ကြ / မလိခနင့်
မေခမြစ်ဆုံ / တူယှဉ်စုန်၍
စုပြုံစီးဆင်း / ပေါင်းဖက်ရင်းမှ
မြစ်မင်းရော / ဖြစ်ပေါ်လာကာ
မြန်မာပြည်တွက် / ခေတ်အဆက်ဆက်
ဦးရွက်ပဲ့ထမ်း / မနားတမ်း ။

* မြစ်ကြီးရော / စီးဆင်းရာ၌
လယ်ယာကဏ္ဍ / ဖွံ့ဖြိုးလှကာ
စိုက်ကြစပါး / ကောက်ပဲများနှင့်
အခြားသီးနှံ / ဖြစ်ထွန်းသန်၍
ပိုလျှံရောင်းချ / ဝင်ငွေရသည်
မြစ်ရောပေး / အမြိုက်ဆေး ။

* မြစ်ပြင်တစ်လွှား / သင်္ဘောများဖြင့်
ဖောက်ကားရောင်းဝယ် / ကုန်ဖလှယ်၍
တစ်နယ်ဝင်၊ ထွက် / စုန်ဆန်တက်ကာ
ဆောင်ရွက်နေရ / ပင်ပန်းကြလည်း
မြစ်ရောတွင်း / ခိုလှုံရင်းနှင့်
ချက်ချင်းဥစ္စာ / တိုးပွားလာ ။

* ရောဝတီ / မိခင်သည်ကား
တိုင်းပြည်ရိက္ခာ / စိုက်ပျိုးရာတွင်
များစွာပံ့ပိုး / ပြည့်အကျိုးတွက်
ဆတိုးရွက်ထမ်း / ရေကြောင်းလမ်းဖြင့်
ဆင့်ကမ်းသယ်ပို့ / ကုန်စည်တို့ကို
နယ်၊ မြို့အနှံ့ / ရောက်အောင်ဖြန့် ။ ။

**အောင်မျိုးမြတ်(မန္တလေး)**

## ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနား ကျင်းပ



**ဆင်ပေါင်ဝဲ ဩဂုတ် ၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ဆင်ပေါင်ဝဲမြို့နယ်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ကိုယ်ဝန်ဆောင်နှင့် နို့တိုက် မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ဩဂုတ် ၂ ရက် နံနက် ၈နာရီက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီ ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက ကိုယ်ဝန်ဆောင်မိခင်လောင်းများအနေဖြင့် ကိုယ်ဝန်ဆောင်ချိန်မှစ၍ အာဟာရရှိသော အစားအစာများကို ရွေးချယ်စားသုံးသင့်ကြောင်း၊ မိခင်နို့ စနစ်တကျတိုက်ကျွေးရေး သရုပ်ဖော်ပညာပေးခြင်း၊ အာဟာရသုံးအုပ်စု ညီညွတ်မျှတစွာ စားသုံးရေး အသိပညာပေးခြင်း စသည့်အကြောင်းအရာများနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောခဲ့သည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသော ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား ကြက်ဥ၊အိုင်အိုဒင်းဆား၊ ဗီတာမင်ပဲနှင့် ဆေးဝါးများ အခမဲ့ထောက်ပံ့ပေးခြင်းနှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အသိပညာပေး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)




## ပန်းချီဆရာမျိုးမြတ်မင်း၏ စတုတ္ထအကြိမ်မြောက် တစ်ကိုယ်တော် ပန်းချီပြပွဲ ကျင်းပမည်

**မန္တလေး ဩဂုတ် ၃**

ယဉ်ကျေးမှုတက္ကသိုလ်ကျောင်းဆင်း ပန်းချီဆရာမျိုးမြတ်မင်း၏ LIFE WITH WATER-COLOUR အမည်ဖြင့် စတုတ္ထအကြိမ်မြောက်တစ်ကိုယ်တော် ပန်းချီပြပွဲကို ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီတွင် မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊အောင်ပင်လယ်ရပ်ကွက်၊၅၇လမ်း၊၁၀၃လမ်းနှင့် ၁၀၄လမ်းကြားရှိ COLLECTOR'S SOUL ART GALLERY အနုပညာပြခန်းတွင် ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။


အဆိုပါပန်းချီပြပွဲအား ဩဂုတ် ၁၀ ရက်မှ ၁၂ ရက်အထိ ၃ရက်တိုင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်၍ ပန်းချီအနုပညာ စိတ်ပါဝင်စားသူများလာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

(ယာပုံ)

(ဝ၇ဝ)

*-*-*-*-*

Myo Myat Min
Life with Watercolour
4th Solo Show



Collector's Soul Art Gallery
57th Street, Between 103rd & 104th Streets, Mandalay, Myanmar.
| 10 | 11 | 12 | August | 2024 |
9:00 am to 5:00 pm

## သတင်းပဒေသာ

### အခြေခံပညာမူလတန်းလွန်ကျောင်းတွင် အာဟာရတိုက်ကျွေးခြင်း ဆောင်ရွက်

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များအား ကျန်းမာသန်စွမ်းပြီး ဗလငါးတန်နှင့်ပြည့်စုံ၍ ပညာရေးတွင် ထူးချွန်သည့် လူငယ်၊ လူရွယ်များဖြစ်လာစေရန် ရည်ရွယ်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ လူမှုကူညီရေးအသင်းများ ပူးပေါင်းပြုလုပ်သော School Milk Programme အစီအစဉ်ဖြင့် အာဟာရတိုက်ကျွေးခြင်းအား ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက မက်မွန်မုန်းကျေးရွာအုပ်စု၊ မက်မွန်မုန်းကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲကျင်းပနိုင်ရေး အစမ်းလေ့ကျင့်

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်တွင် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကလပ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကျင်းပနိုင်ရေးအတွက် အစမ်းလေ့ကျင့်ခြင်းကို ဩဂုတ် ၂ရက် နံနက် ၁၀ နာရီက မြို့နယ်အားကစားကွင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### စာအုပ်၊ စာစောင်များငှားရမ်းပေးခြင်း ဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် စာဖတ်ရှိန်မြှင့်တင်ရေးနယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် စာဖတ်ပရိသတ်ထံ လက်ဝယ်အရောက် စာအုပ်၊ စာစောင်များငှားရမ်းပေးခြင်းကို အပတ်စဉ် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၂ ရက် နံနက် ၉ နာရီက ဌာနဆိုင်ရာရုံးများနှင့် ရပ်ကွက်နေပြည်သူများထံ သွားရောက်ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

ကျောင်းသားလူငယ်လေးများ စကားပြောစွမ်းရည်တိုးတက်လာစေရန်၊ စာဖတ်ခြင်းအလေ့အထကောင်းများရရှိစေရန်နှင့် ပရိသတ်များအလယ်တွင် ပြောဆိုဆွေးနွေးတတ်စေရန်အတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ် ခေါင်တိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်း

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အဆင့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ကလေးငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

စစ်ကိုင်းခရိုင် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရှင်ချမ်း(မေတ္တာရိပ်)ပရဟိတဂေဟာရှိ (၅)နှစ်အောက်ကလေးငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါ ပရဟိတဂေဟာတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း



**မန္တလေး ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး၊ လူမှုဝန်ထမ်းဦးစီးဌာနကြီးကြပ်မှုအောက်ရှိ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းတွင် ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီက ဝါဆိုသင်္ကန်းကပ်လှူပွဲအခမ်းအနားကျင်းပရာ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ကျဆရာမများ၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တက်ရောက်သူများက နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်၍ ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး သံဃာတော်များ ချီးမြှင့်သော မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။ ထို့နောက် ကျောင်းအုပ်ကြီး၊ ဆရာမများနှင့် ကျောင်းသူများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပြီး ဆရာတော်ထံမှ အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။ ဆက်လက်၍ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

(အပေါ်ပုံ)(၀၄၅)

## မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကျန်းမာရေးထောက်ပံ့ငွေ ပေးအပ်



**မန္တလေး ဩဂုတ် ၃**

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ မန္တလေးတက္ကသိုလ်ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့် ကိစ္စများ စဉ်ဆက်မပြတ်ထောက်ပံ့လျက်ရှိရာ ဘာသာရပ်အသီးသီးမှ တင်ပြလာသည့် ဆရာ၊ ဆရာမကြီးများအား အချိန်နှင့်တပြေးညီ ထောက်ပံ့ပေးလျက်ရှိရာ ဩဂုတ် ၂ ရက်က ဆေးရုံတက်ရောက်ကုသမှုခံယူနေသော ဆရာကြီး ဦးကျော်မင်း(၂) (ရူပဗေဒ)အား ကျန်းမာရေးစောင့်ရှောက်မှုကော်မတီနာယက ဦးတင်မောင်၊ ဒုတိယဥက္ကဋ္ဌ ဦးပိုမြင့်နှင့်အဖွဲ့ဝင်များက သစ္စာရာဇာဆေးရုံသို့သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုဂါရဝပြုငွေကျပ် သုံးသိန်းပေးအပ်၍ ကျန်းမာရေး မေးမြန်းအားပေးစကားများပြောကြားခဲ့ကြသည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့်ရက်မှစပြီး၂၀၂၄ ခု ဩဂုတ် ၂ ရက်အထိ နာမကျန်းဖြစ်သော ဆရာကြီး၊ ဆရာမကြီး စုစုပေါင်း ၃၀၄ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုဂါရဝပြုငွေကျပ် ၅၀၅ သိန်း ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။ (အပေါ်ဝဲပုံ)(ကဆ)

## ကျုံးရေများဖြန့်ဝေပေးနိုင်ခြင်းမရှိသောရပ်ကွက်များသို့ မီးသတ်ယာဉ်များဖြင့် သောက်သုံးရေများလှူဒါန်း

**မန္တလေး ဩဂုတ် ၃**

မန္တလေးမြို့၊ အရှေ့ခြမ်းရပ်ကွက်များနှင့် မြောက်ခြမ်းရပ်ကွက်များသည် မတ္တရာမြို့နယ် ဆည်တော်ကြီးမှ ပေးပို့သောရေများအား ကျုံးအတွင်းသို့ ပို့လွှတ်ကာ ၄င်းရေများအား အောင်မြေသာစံမြို့နယ် ရေစစ်ကန်နှင့် မန္တလေးတောင် ရေတွန်းစက်ရုံများမှတစ်ဆင့် ရပ်ကွက်များသို့ ရေများ ဖြန့်ဖြူးပေးလျက်ရှိသည်။

လတ်တလောကာလတွင် ကျုံးအတွင်းသို့ ဆည်တော်ကြီးမှရေဝင်ရောက်မှုမရှိသဖြင့် ကျုံးအတွင်းသို့ ဧရာဝတီမြစ်ရေများ ဖြည့်တင်းပေးလျက်ရှိပြီး သတ်မှတ်ရေအမြင့်ရောက်ရှိပါက ရပ်ကွက်များသို့ သောက်သုံးရေများ ပုံမှန်ဖြန့်ဝေပေးသွားမည် ဖြစ်သည်။ ယာယီ ရေအခက်အခဲဖြစ်ပေါ်နေသော မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ ယာဉ်ပုံ့ရပ်ကွက်တို့တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးသိန်းမင်းထွေး ဦးဆောင်သော သန္ဓေတပ်ဖွဲ့ဝင်များ၊ အရန်တပ်ဖွဲ့ဝင်များမှ ဩဂုတ် ၁ ရက်က ၅၈ လမ်း၊ ၂၈(ဘီ)လမ်းထောင့်၊ အများသုံးရေကန်တွင် ရေဂါလန် ၁၆၀၀၊ ကျန်းမာရေးရပ်ကွက် အတွင်းရေဂါလန် ၈၀၀၊ ကန်ကောက်ရပ်ကွက် ဆူးဖြူပရဟိတဘုန်းတော်ကြီးသင်ကျောင်းတွင် ရေဂါလန် ၁၆၀၀၊ ပြည်ကြီးမျက်မှန်ရပ်ကွက် အ.ထ.က(၅)တွင် သောက်သုံးရေဂါလန် ၁၆၀၀၊ သာသနာ့ဒါယသီလရှင်စာသင်တိုက်တွင် ရေဂါလန် ၁၆၀၀၊ ပြည်ကြီးမျက်မှန်ရပ်ကွက် အ.မ.က(၅)တွင် ရေဂါလန် ၁၆၀၀ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။



(ဝဲပုံ)
(ကဆ)



## (၉၆)ကြိမ်မြောက် သွေးလှူဒါန်း

**မန္တလေး ဩဂုတ် ၃**

စိန်ညီအစ်ကို စေတနာသွေးလှူရှင်အဖွဲ့မှ ဦးသိန်းနိုင်(လူမှုထူးချွန်တတိယဆင့်)သည် ယနေ့ နံနက် ၁၀ နာရီက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် အမျိုးသားသွေးလှူဘဏ်တွင် (၉၆)ကြိမ်မြောက် အဖြစ် ဇီဝိတဒါနသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၀၄၁)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ




## Lile ပါဝင်ထားသည့် Meet You at the Blossom ကား လူကြိုက်များ

တရုတ်အနုပညာရှင် လီလီနှင့်ဝမ်ယန်ကိန်တို့ ပါဝင်ထားသည့် Meet You at the Blossom မှာ ဝတ္ထုကို အခြေခံထားသည့် လိုက်လျောညီထွေ နေထိုင်ခြင်းကို ပုံဖော်ထားကာ ထုတ်လွှင့်ပြသပြီး လူကြိုက်များနေသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဒရမ်မာကားမှာ Shiu Qian Cheng ၏ Wuxia ဝတ္ထုကို ပုံဖော်ရိုက်ကူးထားရာ အပိုင်းဆယ့်နှစ်ပိုင်းနှင့် ရိုက်ကူးထားရာ လီလီနှင့်ဝမ်ယန်ကိန်းတို့ အဓိက ပါဝင်ထားကြသည်။

ချမ်းသာကြွယ်ဝသော လူငယ်တစ်ဦးသည် ကံကြမ္မာကောင်းတစ်ခုကို တမ်းတနေရာမှ မိန်းမလှလေးတစ်ဦးနှင့်တွေ့၍ ကယ်တင်ခဲ့ပြီး လက်ထပ်ရန်အထိ ဖန်တီးခဲ့ရာမှ လိုက်လျောညီထွေ နေထိုင်ခြင်းကို ပုံဖော်ရိုက်ကူးထားခြင်းဖြစ်သည့်အတွက် လူကြိုက်များ အားပေးလာကြသည်။ **(SKY)**



## ဆာလမွန်ငါးထက် ငါးကွမ်းရှပ်ကိုပိုမိုစားသုံးသင့်

ဗြိတိန်နိုင်ငံတွင် ငါးစားသုံးသူများက ကျန်းမာရေးအတွက် အကျိုးများစေမည်ဆိုသော ဆာလမွန်ငါးကို အများဆုံးရွေးချယ်လေ့ရှိကြသည်။ ဈေးကွက်တွင် ထိုငါးက ဝယ်လိုအားများသဖြင့် ငါးမွေးမြူရေးလုပ်ငန်းရှင်များက တစ်နိုင်တစ်ပိုင်ဖြစ်စေ စီးပွားဖြစ် ဖြစ်စေ မွေးမြူပြီး ရောင်းချပေးလျက်ရှိရာ ဗြိတိန်နိုင်ငံရှိ စားသောက်ဆိုင်အားလုံးလိုလို၌ မှာယူစားသုံးနိုင်မည်ဖြစ်သည်။

သို့ရာတွင် ဆာလမွန်ငါးထက် ငါးကွမ်းရှပ်ကိုပိုမိုစားသုံးသင့်သည်ဟု ကိန်းဘရစ်ချ်တက္ကသိုလ် သတ္တဗေဒဌာနမှ ဒေါက်တာဒေးဗစ်ဝီလာက အကြံပြုပြောကြားခဲ့သည်။ ပင်လယ်ထဲ၌ သဘာဝအတိုင်း ရှင်သန်ပေါက်ပွားသော ငါးကွမ်းရှပ်တွင်ပါဝင်သည့် အာဟာရတန်ဖိုးသည် ဆာလမွန်ငါးနှင့် အတူတူပင်ဖြစ်ကြောင်း သိရသည်။ **(Mon)**



## Zhang Yixing @ Lay (၃၇)ကြိမ်မြောက် Hundred Flowers Awards တွင် ဆန်ခါတင်ဝင်

အိပ်ဇိုအဖွဲ့ဝင်ဟောင်း တရုတ်အနုပညာရှင် ကျန်ရီရှင်း(ခေါ်)လေးသည် (၃၇)ကြိမ်မြောက် Hundred Flowers Awards 2024 ဆုပေးပွဲ ဆန်ခါတင်စာရင်းတွင် No More Bets နှင့် ပါဝင်ထားသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဆုပေးပွဲမှာ တရုတ်ရုပ်ရှင်ဇာတ်ကားများကို ချီးမြှင့်သည့်ဆုဖြစ်ပြီး ဟောင်ကောင်နှင့် ထိုင်ဝမ်ရုပ်ရှင်များပါဝင်ကာ ဂုဏ်သရေကြီးမြတ်သည့် ပွဲတစ်ခုဖြစ်ကာ ကျန်းရီရှင်း(ခေါ်)လေးက No More Bets ရုပ်ရှင်နှင့် ဆန်ကာတင်စာရင်းဝင်ခဲ့သည်။

ဆန်ခါတင်မင်းသားများ စာရင်းတွင် အန်ဒရီလျူက The Wandering Barths 2 ၊ ကျူရီလောင်က၊ Lighting Up the Stars ၊ ဝမ်ချွန်ကိန်က Home Coming၊ ရီရီမ်ကျန်ရှီက Full River Red ကျန်ရီရှင်းက No More Bets နှင့် အသီးသီး စာရင်းဝင်ခဲ့ကြသည်။


အကောင်းဆုံးမင်းသမီးများစာရင်းတွင် မာလီက Articles 20၊ ဂျန်လင်က Yolo၊ နီနီက Lost in the Stars ဝမ်ဇီက Home Coming တို့နှင့် စာရင်းဝင်ထားကြကာ ဇာတ်ပို့ဆုစာရင်း၊ တက်သစ်စဆုစာရင်းနှင့် အကောင်းဆုံးရုပ်ရှင်စာရင်းများကိုပါ ပူးတွဲကြေညာထားသည်။ **(SKY)**


## Shah Rukh Khan တို့ စုံတွဲ မင်္ဂလာပွဲတက်ဖက်ရှင်ကို ပရိသတ်စိတ်ဝင်စားခဲ့

အိန္ဒိယဘီလျံနာ မူကေ့ရှင်အမ်ဘာနီ၏ သားအငယ်ဆုံးမင်္ဂလာပွဲသို့ ဘောလိဝုဒ်အနုပညာရှင်များစွာ တက်ရောက်ခဲ့ကြရာ ရှာရွတ်ခန်တို့စုံတွဲလည်း ပါဝင်ပြီး ပွဲတက်ဖက်ရှင်ကို ပရိသတ်စိတ်ဝင်စားခဲ့ကြသည်။

အဆိုပါ မင်္ဂလာပွဲတွင် ရှာရွတ်ခန်တို့စုံတွဲ ဖက်ရှင်မှာ ဆန်းသစ်နေပြီး အထူးသဖြင့် ဇနီးသည် ဂူရီထက် ရှာရွတ်ခန်၏ မြလည်ဆွဲကြီးကို ပရိသတ်စိတ်ဝင်စားနေကြခြင်းဖြစ်သည်။

မင်္ဂလာဆောင်အတွက် အသုံးစရိတ်မှာ အမေရိကန်ဒေါ်လာသန်းတစ်ထောင်ဖြစ်၍ ကမ္ဘာ့အချမ်းသာဆုံးမင်းသား ရှာရွတ်ခန်၏ ပိုင်ဆိုင်မှုအားလုံးထက်များနေသော်လည်း ရှာရွတ်ခန်၏ မြလည်ဆွဲကြီးတန်ဖိုးကို ပရိသတ်စိတ်ဝင်စားခဲ့ကြသည်။ **(SKY)**





## Songweilong နှင့် Zhang Linghe တို့အပါအဝင် အနုပညာရှင်များ Gucci ကုန်အမှတ်တံဆိပ် သံတမန်ခန့်ထား

တရုတ်အနုပညာလောကမှ အနုပညာရှင်များနာမည်ကြီး ကုန်အမှတ်တံဆိပ်များ၏ သံတမန်အဖြစ် ခန့်အပ်ခဲ့ကြရာ ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် ဆန်ဝိန်လောင်နှင့် ကျန်လင်ဟီတို့ကို Gucci Brand Ambassador အဖြစ် ခန့်အပ်ခံခဲ့ရသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဆန်ဝိန်လောင်နှင့် ကျန်လင်ဟီတို့ကို ၂၀၂၄ခုနှစ် မေ ရရက်တွင် တစ်ကြိမ်၊ ၂၀၂၄ခုနှစ် ဇူလိုင် ၈ရက်တွင် တစ်ကြိမ် နှစ်ဦးစလုံးကို ဂူချီကုန်အမှတ်တံဆိပ်သံတမန်အဖြစ် တရားဝင် ခန့်အပ်ခဲ့သည်။

ဒေါင်ဝိန်ကို ၂၀၂၃ခုနှစ် နိုဝင်ဘာ ၁၀ရက်တွင် Dior ၏ သံတမန်အဖြစ် ကြေညာကာ နိုဝင်ဘာ ၁၇ရက်တွင် ယူရှီကိုလည်း ဒိုရာသံတမန်အဖြစ် တရားဝင် ကြေညာခဲ့သည်။

ဝမ်ဟီဒီကို Louis Vuitton ကုန်အမှတ်တံဆိပ် သံတမန်အဖြစ် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ကြေညာခဲ့ပြီး ဝမ်ရီဘိုကို Chanel ၏ Image Brand Ambassador နှင့် လက်ရှိ House Ambassador အဖြစ် ကြာရှည်စွာ လက်တွဲထားသည်။ **(SKY)**

## Goodbye Earth တွင် ကြုံတွေ့ရမည့် စိတ်ပိုင်းဆိုင်ရာအခက်အခဲများ ကျော်ဖြတ်ပုံကို ရိုက်ကူးထား

တစ်နှစ်တာအကောင်းဆုံး ဇာတ်လမ်းတွဲဆု ရရှိထားသည့် Goodbye Earth မှာ ဂျပန်ဝတ္ထုကို အခြေခံရိုက်ကူးထားပြီး ရက်နှစ်ရာအတွင်း ကမ္ဘာပျက်လျှင် ကြုံတွေ့ရမည့် စိတ်ပိုင်းဆိုင်ရာ အခက်အခဲများ ကျော်ဖြတ်ပုံကို ရိုက်ကူးထားခြင်းဖြစ်သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၂၀၂၄ခုနှစ်တွင် ထွက်ရှိထားသည့် အဆိုပါဇာတ်ကားတွင် မင်းသမီးအန်အွန်ဂျင်း၊ ယူအာအင်း၊ မင်းသား ဂျောင်ဆောင်ဝူးနှင့် ကင်ယွန်တေး စသည့် ဝါရင့်သရုပ်ဆောင်များ ပါဝင်ထားကြသည်။

ဂြိုဟ်သိမ်ဂြိုဟ်မွှားတစ်ခုက ရက်နှစ်ရာအတွင်း ကမ္ဘာကြီးပေါ် ကျရောက်ပြီး ပျက်သုဉ်းမည့်သတင်းကို ကြားသိရ၍ ကယ်တင်နိုင်ရန် ကလေးသူငယ်စောင့်ရှောက်ရေးဌာန လုပ်အားပေးခဲ့ပြီး ချစ်သူမှာ အမေရိကန်ရှိ ဇီဝနည်းပညာအဖွဲ့အစည်း၏ သုတေသနပညာရှင်ဖြစ်ကာ မိခင်မြေ ပြန်လာ၍ ပရမ်းပတာဖြစ်နေသော အွန်ချွန်းမြို့ကို ကူညီထောက်ပံ့ခဲ့ရာ တာဝန်ကျ အထူးတပ်ဖွဲ့ဝင်နှင့်အတူ ကြုံတွေ့ရမည့် အခက်အခဲများ စိတ်ပိုင်းဆိုင်ရာ အခြေအနေများကို ရင်ဆိုင်ကျော်ဖြတ်ခဲ့ကြပုံအကြောင်း ရိုက်ကူးထားသည်။ **(SKY)**



## Kang So-ra က Cherry Day ပွဲတက်ရောက်လာ

တောင်ကိုရီးယားအနုပညာရှင် ကန်ဆိုရာသည် ကလေးနှစ်ဦးမွေးဖွားပြီး အနုပညာလောကမှ အနားယူနေရာမှ ဂျီတီတာဝါတွင် ကျင်းပသည့် Cherry Day ပွဲသို့ လန်းဆန်းစွာ တက်ရောက်လာခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။ ကန်ဆိုရာကို We Got Married နှင့် ပရိသတ်အားပေးခဲ့ကြရာမှ ဒုတိယမြောက် ရင်သွေးလေးကို ဒီဇင်ဘာလတွင် မွေးဖွားခဲ့ပြီး အနုပညာလုပ်ငန်းများ အနားယူထားခဲ့သည်။

အဆိုပါပွဲသို့ ပထမဦးဆုံးအကြိမ် ပရိသတ်ရှေ့ထွက်ရှိလာ၍ ကန်ဆိုရာကို အားပေးထားကြသော ပရိသတ်များ ချစ်မဝဖြစ်နေကြကာ မှတ်ချက်ကောင်းများပေး၍ ကြိုဆိုခဲ့ကြသည်။ ကန်ဆိုရာသည် ပြုံးအလှပိုင်ရှင်လေးဖြစ်ပြီး သားသမီးနှစ်ဦး မိခင်ဖြစ်သော်လည်း ပို၍ လှပကြော့ရှင်းနေသည်။ **(SKY)**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သမိုင်းအထင်ကရဘုရားများ မိုးကြိုးလွှဲတပ်ဆင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ညောင်ဦး ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းဘုရားကိုးဆူကို မိုးကြိုးလွှဲတပ်ဆင်နိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အစည်းအဝေးခန်းမ၌ ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။



လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက ရှေးဟောင်းဘုရား ကိုးဆူ မိုးကြိုးလွှဲတပ်ဆင်နိုင်ရေး အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ အဆောက်အအုံဦးစီးဌာန ရုံးချုပ်(နေပြည်တော်) လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မျိုးလှိုင်က မိုးကြိုးလွှဲတပ်ဆင်နိုင်ရေး လိုအပ်သည့် ပစ္စည်းများ ကြိုတင်ဝယ်ယူနိုင်ရေး၊ တပ်ဆင်ပြီးစီးခဲ့သည့် ဘုရား ၁၁ဆူတို့၏ မိုးကြိုးလွှဲတပ်ဆင်ရာတွင် တွေ့ကြုံရသည့် အတွေ့အကြုံတို့အား ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းက မိုးကြိုးလွှဲတပ်ဆင်ရာတွင် ရှေးဟောင်းအဆောက်အအုံများ ထိခိုက်ပျက်စီးမှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်နိုင်ရေးဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးပြောခြင်းနှင့်ခရိုင်သာသနာရေးမှူး ဦးနေလင်းသိန်းနှင့် ဂေါပကအဖွဲ့ဝင်များက မိုးကြိုးလွှဲတပ်ဆင်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိရမည့် လုပ်ငန်းများ ဆွေးနွေးခဲ့သည်။ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း မိုးကြိုးလွှဲတပ်ဆင်နိုင်ရေး ဘုရား ကိုးဆူ သတ်မှတ်လျာထားလျက်ရှိရာ လောကနန္ဒာစွယ်တော်မြတ်စေတီ၊ အလိုတော်ပြည့်ဘုရား၊ တုရင်တောင်စွယ်တော်မြတ်စေတီ၊ ဖူးဘုရား၊ ၄က်ပစ်တောင်ဘုရား၊ ရှင်အဒ္ဓဂေါဏဘုရား၊ မင်းနန်သူလေးမျက်နှာဘုရား၊ မင်္ဂလာစေတီနှင့် စေတနာကြီးပုထိုးတို့အား မိုးကြိုးလွှဲတပ်ဆင်သွားမည်ဖြစ်သည်။

မိုးကြိုးလွှဲတပ်ဆင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်ခရိုင်စီမံ အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ အဆောက်အအုံဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)မှ ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးများ၊ ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် စီမံအဖွဲ့ဝင် ဦးဆန်းထွန်းဦး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၈၁)**



## ကလေးအလုပ်သမား ပပျောက်ရေးအသိပညာပေးဟောပြော

**ကျွန်းလှ ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန်အတွက် ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေးဟောပြောခြင်းကို ယမန်နေ့ နံနက် ၉ နာရီခွဲက ကျွန်းလှမြို့၊ ပိတောက်မြိုင်ရပ်ကွက်၊ မူလတန်းလွန်ကျောင်း၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသီမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဖိုးချိုက အလုပ်ခန့်မည့်ကလေးများ အသက်ပြည့်စေရေး၊ ကလေးငယ်များအား အကြမ်းဖက်မှုမှ ကာကွယ်ပေးရေး၊ အန္တရာယ်ရှိသော လုပ်ငန်းခွင်များတွင် ကလေးများ အလုပ်မလုပ်ရေး၊ အလုပ်လုပ်သောကလေးများ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာသင်ယူရေးနှင့် ကလေးအလုပ်သမား ဥပဒေများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များ၊ အသိပညာပေး နံရံကပ်စာစောင်နှင့် ဓာတ်ပုံများ စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၈၀)**

## လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာများနှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်း



**ကျောက်ပန်းတောင်း ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာများနှင့် ပတ်သက်၍ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၃၁ရက် နံနက် ၁၀နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စကားဝါမြေခန်းမတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဦးက အဖွင့်အမှာစကားပြောကြားပြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကိစ္စများနှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းဟောပြောရာတွင် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် နိုင်ငံတော်၏ စီမံကိန်းများ အောင်မြင်စေသည့် အခြေခံကျသော လုပ်ငန်းစဉ် တစ်ခုဖြစ်ကြောင်းနှင့် သန်းခေါင်စာရင်း ကောက်ယူရသည့် ရည်ရွယ်ချက်များ၊ သန်းခေါင်စာရင်း ကောက်ရမည့်သူများနှင့် သန်းခေါင်စာရင်း ထည့်မကောက်ရမည့်သူများ၊ သန်းခေါင်စာရင်းကောက်ယူရာတွင် ကောက်ယူရေးအဖွဲ့များ၏ မေးမြန်းမှုများကို မှန်ကန်ပြည့်စုံစွာ ဖြေကြားခြင်းဖြင့် ပူးပေါင်းပါဝင် ကူညီကြရန်၊ ထိုသို့ မေးခွန်းများကို မှန်မှန်ကန်ကန် ဖြေဆိုကြမှသာလျှင် မိမိတို့ဒေသတွင်း ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများကို နိုင်ငံတော်မှ လိုအပ်သလို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး၊ တက်ရောက်လာသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားသည်။ ယင်းနောက် ဝန်ထမ်းများက သန်းခေါင်စာရင်း အသိပညာပေးလက်ကမ်းစာစောင် ၁၇၀ကို ဖြန့်ဝေပေးခဲ့ကြသည်။

အဆိုပါ အသိပညာပေး ရှင်းလင်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ စုစုပေါင်း ၂၁၈ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ယာပုံ)**

**(၄၅၆)**

သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး။

## မိုးသီးနှံ ပဲတီစိမ်း ၁၈၀၁ ဧက သိမ်းဆည်းခြွေလှေ့ပြီးစီးပြီဖြစ်

**ပွင့်ဖြူ ဩဂုတ် ၃**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ပဲတီစိမ်းသီးနှံ စိုက်ခင်းများမှာ သိမ်းဆည်းခြွေလှေ့ချိန် ရောက်ရှိပြီဖြစ်၍ ဒေသခံတောင်သူများက နေ့စားအလုပ်သမားများငှားရမ်း၍ ဖွန်လ စတုတ္ထပတ်က စတင်သိမ်းဆည်းခြွေလှေ့လျက်ရှိရာ ယနေ့အထိ ၁၈၀၁ ဧက သိမ်းဆည်းခြွေလှေ့ပြီးစီးသွားပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် နှစ်စဉ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းစားနပ်ရိက္ခာ ဖူလုံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရန်အတွက် ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပဲကြီးသီးနှံနှင့် အခြားပဲမျိုးစုံသီးနှံများကို အားထားစိုက်ပျိုးကြသည်။ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်းသီးနှံစိုက်ပျိုးခြင်းကို ၆၂၈၃ ဧက လျာထားစိုက်ပျိုးခဲ့ရာ မြေပြင်စိုက်ပျိုးပြီးစီးမှု ၂၅၆၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ပျိုးရေအဆင်ပြေမှုကြောင့် သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

"ပွင့်ဖြူမြို့နယ်မှာ ဒီနှစ် မိုးရာသီက ဆောလျင်စွာ စိုက်ပျိုးခဲ့တဲ့ ပဲတီစိမ်းသီးနှံစိုက်ခင်းတွေဟာ သိမ်းဆည်းခြွေလှေ့ချိန် ရောက်ရှိလာပြီဖြစ်လို့ တောင်သူတွေက ဖွန်လ စတုတ္ထပတ်ကစပြီး သိမ်းဆည်းခြွေလှေ့နေကြပါတယ်။ ဒီနေ့ထိ ပဲတီစိမ်းစိုက်ဧက ၁၈၀၁ ဧက သိမ်းဆည်းပြီးစီးသွားပြီဖြစ်ပါတယ်။ သီးနှံအထွက်နှုန်းက တစ်ဧကကို (၁၉ ဒသမ ၃၅) တင်း ထွက်ရှိပါတယ်။ သီးနှံသိမ်းဆည်းရာတွင် အထွက်နှုန်းလျော့နည်းမှု မဖြစ်စေရေးအတွက် စနစ်တကျ သိမ်းဆည်းနိုင်ဖို့ ဒေသခံတောင်သူတွေကို သီးနှံရိတ်သိမ်းခြွေလှေ့နည်းပညာတွေ ပံ့ပိုးကူညီ ဆောင်ရွက်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများ သီးနှံအထွက်နှုန်း တိုးတက်ကောင်းမွန်စေရန် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ် မှန်ကန်စေရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးနှင့် သဘာဝမြေသြဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲရေးစသည့် တောင်သူပညာပေးလုပ်ငန်းများကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၄၅)**



## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၃)၊ ဦးပိုင်အမှတ်(၅၉)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက ဦးဗိုလ် အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်များဖြင့် ဝယ်ယူကာ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သော ဦးထွန်းထွန်းကို(ဘ)ဦးဘသန်း(၉/မခန(နိုင်)၁၁၉၅၀၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ တောင်ဘက်ခြမ်း ဂရန်မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးချစ်စန်းမောင်(LL.B) ဒေါ်မွန်မွန်လှိုင်(LL.B)**

**တရားလွှတ်တော်ရှေ့နေများ**

**၅၁လမ်း၊ ၁၁၇လမ်း၊ မြရည်နန္ဒာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၅၁၁၁၅၅၆၀၊ ၀၉-၂၅၉၀၈၈၆၅၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ်(၅၇)၊ ဦးပိုင်အမှတ်(၃၆)၊ ဧရိယာ(၀ ဒသမ ၀၃၀၄)ဧက အကျယ်အဝန်းရှိ ဦးသိန်းဇော် အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ် အဆောက်အအုံ၊ ရေ+မီးမီတာ ပေါက်ရောက်သစ်ပင် အပါအဝင် ဆက်လက်သုံးစွဲပိုင်ခွင့်၊ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ယုနန္ဒာလင်း(ဘ)ဦးကြည်ဆွေ(၉/ပကခ(နိုင်)၀၂၅၉၆၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ**

**ဒေါ်ဝင်းဝင်းမော်(စဉ်–၉၂၄၀)၊ (တရားလွှတ်တော်ရှေ့နေ)**

**အကွက်(၇၄၉)၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၆၆၅၂၊ ၀၉-၉၅၀၅၀၂၃၁၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၂)၊ ဦးပိုင်အမှတ်(၁၆) မြေကွက်သည် ဦးမောင်မောင်နိုင် အမည်ပေါက် ဂရန်မြေကွက် ဖြစ်ပါသည်။ အဆိုပါမြေကွက်ထဲရှိ တောင်အစွန်ဆုံးအခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိသော မြေနှင့်တစ်ထပ်တိုက်၊ ရေမီးအပါအဝင် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်အိန္ဒြာအောင်ထံမှ ကျွန်ုပ်၏အမှုသည်များက ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်တင်နှယ်ဝင်း(ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေ**

**တတ–၄၆/၁၆၊ ၅၇–စီလမ်း၊ ၁၂၄လမ်းနှင့်၁၂၅လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၅၃၈၉၉၇၂၊ ၀၉-၄၃၁၆၉၄၂၈။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၅)၊ ဦးပိုင်အမှတ်(၃၁)၏ အရှေ့ဘက်ခြမ်း မြေအကျယ် ပေ(၂၀×၆၀)ရှိ ဦးသန်းနှစ် အမည်ပေါက် ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ ဝင်းခြံအကာအရံနှင့် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုပြောဆိုသူ ဦးလာလ်ဗဟာဒူး(ဘ)ဦးလုတ်မနီ(၁/ငမန(နိုင်)၀၅၆၇၅၈)၊ လမ်း၃၀၊ ၈၂လမ်းနှင့်၈၃လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့နေသူမှ ရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများကို ပေးချေထားပြီး ဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော မူရင်းစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးနေဖြိုးဇော် (စဉ်–၁၃၃၂၄) တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဒီ–၅)၊ လမ်း၇၀၊ လမ်း၃၀နှင့်၃၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၉၇၄၇၁၈၁၆၁ ၊ ၀၉-၄၀၂၅၁၅၁၇၇**

## အမှတ်တံဆိပ် အသိပေးကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၈လမ်းနှင့်၈၇လမ်းတွင်နေထိုင်သော ဦးသီဟကျော်(ဘ)ဦးသန်းမြင့်(၁၃/လရန(နိုင်)၁၇၁၂၁၄)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ထွန်းသစ်စ

**မှတ်ပုံတင်စာချုပ်အမှတ် – ၂၃၉၂ / ၂၀၂၄**

အထက်ဖော်ပြပါ 'ထွန်းသစ်စ' အမှတ်တံဆိပ်ကို မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနရုံး၌ ဦးသီဟကျော်မှ မှတ်ပုံတင်စာချုပ်အမှတ်(၂၃၉၂/၂၀၂၄)အရ တရားဝင်မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်။ 'ထွန်းသစ်စ' ဟူသော လိုဂိုအမှတ်တံဆိပ်အား သောက်ရေသန့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် ဘူးခွံပုံးခွံအမျိုးမျိုးတို့၌ အသုံးပြုသွားမည့် အပြင် ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ ကြော်ငြာအမျိုးမျိုး၊ လက်ကမ်းကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ စာခေါင်းစည်း၊ လူမှုကွန်ရက် အစရှိသည့် ခေတ်နှင့်အညီ ပေါ်ပေါက်လာသည့် နည်းပညာအရပ်ရပ်တို့တွင် ပြည်တွင်းပြည်ပ ကျယ်ပြန့်စွာ အသုံးပြုသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဦးသီဟကျော်၏ တရားဝင်ခွင့်ပြုချက်မရှိဘဲ အတုပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားပြုလုပ်သုံးစွဲခြင်း မပြုရန်နှင့် ပြုလုပ်ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | | |
|---|---|---|
| **ဒေါ်မေသူဝေလင်း** | **ဒေါ်ရွှန်းလဲ့ရည်ထွန်း** | **ဒေါ်ရတနာခွန်** |
| **(LL.B,LL.M, (Commercial Laws)** | **(LL.B)** | **(LL.B)** |
| **စဉ်–၁၀၀၉၇** | **စဉ်–၄၇၅၆၉** | **စဉ်–၅၂၇၅၀** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**ဖုန်း ၀၉-၇၇၇၈၉၉၉၀၉**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ အကွက်အမှတ်(၂၂)၊ ဦးပိုင်အမှတ်(၆)၊ ဧရိယာ(၀ ဒသမ ၀၂၈၇)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဦးအစွတ်ကူးမားနှင့် ဒေါ်စူလိုချနာဒေဝီ အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပြီး အဆိုပါ ဂရန်အမည်ပေါက်သူများထံမှ စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သီရိဆုဝေ(ဘ)ဦးသိန်းတန်(၉/မတရ(နိုင်)၁၄၃၅၃၉)ထံမှ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်တိုက် အဆောက်အအုံ(ရေ+မီး)အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသန်းဇော်(ဘ)ဦးကျော်စိုး(၁၂/အစန(နိုင်)၁၄၈၈၃၁)က ဝယ်ယူရန် သဘောတူညီပြီးဖြစ်ပါသဖြင့် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ ပစ္စည်းအရပ်ရပ်တို့၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

| | | |
|---|---|---|
| **ဒေါ်ပြုံးပြုံးရီ (LL.B)** | **ဒေါ်သီတာနွယ် (LL.B)** | **ဒေါ်မြမြသက် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**၃၉လမ်း၊ ၆၆လမ်းနှင့်၆၇လမ်းကြား၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၁၈၃၄၇၊ ၀၉-၂၆၆၅၅၃၉၉၄၊ ၀၉-၂၅၉၀၅၈၃၄၂**

## ကန့်ကွက်နိုင်ပါသည်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာအိမ်ရာ၊ အကွက်အမှတ်(မမ-၂၈)၊ တိုက်အမှတ်(၄၈)၊ အခန်း(၁၄)၊ တတိယထပ်(၁)ခန်း၏ အမည်ပေါက်သူ မိခင် ဒေါ်ညိုညိုသည် (၃၀-၈-၂၀၂၂)ရက်က ကွယ်လွန်ခဲ့ပါသည်။ အမည်ပေါက်သူ ဒေါ်ညိုညိုမှာ ခင်ပွန်းဖြစ်သူ ဦးမျိုးလွင်နှင့် လွန်ခဲ့သော (၁၃)နှစ်ခန့်ကတည်းက ကွာရှင်းပြတ်စဲခဲ့ပြီး ဖြစ်ပါသည်။ ကွယ်လွန်သူ မိခင် ဒေါ်ညိုညိုမှာ သမီးဖြစ်သူ ကျွန်မ ဒေါ်မျိုးမြတ်သူအောင်နှင့် ကွယ်လွန်သည့်အချိန်အထိ အတူတကွ နေထိုင်ခဲ့ပါသည်။ ကျန်ရှိသူ အတူနေ သမီးဖြစ်သူ ကျွန်မ ဒေါ်မျိုးမြတ်သူအောင်မှ အမွေဆက်ခံကျမ်းကျိန်ဆို၍ အမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ၊ အောက်ဖော်ပြပါလိပ်စာသို့ဖြစ်စေ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးဇေယျာထွန်း (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ**

**အမှတ်(၆၉၅)၊ ၃၈လမ်း၊ ၇၂လမ်းနှင့်၇၃လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၅၃၂၄၂၄၊ ၀၉-၉၇၆၁၉၁၇၀၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈၃)၊ ဦးပိုင်အမှတ်(၆၇)ဟု ခေါ်တွင်သော ဧရိယာပေ(၆၀×၄၀)အကျယ်အဝန်းမှာ ဦးထွန်းဝင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ မြောက်ဘက်အစွန်ဆုံး(၁၅ပေ×ပေ၄၀)၏ တောင်ဘက်ကပ်လျက်(၁၅ပေ×ပေ၄၀)ကျယ်ဝန်းသော မြေကွက်အလွတ်အား အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိမှပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း၊ မိမိလက်ရှိဖြစ်ကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသူရအောင်(ဘ)ဦးအောင်ငွေး(၉/မခန(နိုင်)၁၂၁၁၇၁)မှ ရောင်းချရန်ပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ကြူကြူဝင်း(ဘ)ဦးဝင်းရွှေမှ ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာ သတင်းစာတွင်ပါသည့်ရက်မှ (၁၀)ရက်အတွင်း လုံလောက်သော မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ကြူကြူဝင်း(ဘ)ဦးဝင်းရွှေ**
**(၉/ညဥန(နိုင်)၁၆၁၆၄၈)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မာလာဝင်းအောင် (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**၁၂၁လမ်း၊ ၈၄လမ်းနှင့် ၈၅လမ်းကြား၊ တမ္ပဝတီရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၄၀၂၆၉၄၂၇၄**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၁၉)၊ ဦးပိုင်အမှတ်(၂၄-က)၊ပေ(၃၀×၄၅)အကျယ်အဝန်းရှိ ဦးဝင်းမောင်(ဘ)ဦးညို(DI-၀၀၈၉၉၈)အမည်ဖြင့် ချထားရရှိသော မြေကွက်၏မြောက်ဘက်ခြမ်း (၁၅ပေ×၄၅ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်တစ်ထပ်အဆောက်အအုံ၊ လျှပ်စစ်မီတာ၊ အဝီစိတွင်းအပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်သိန်းသိန်းမြင့်(ဘ)ဦးခင်မောင်(၁၂/ဥကတ(နိုင်)၁၀၅၉၀၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/ ၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊(က)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၉၅၃/၂၀၁၅)အား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၄)၊ ဦးပိုင်အမှတ်(၅၈)၏ မြောက်ဘက်ခြမ်းဧရိယာ (၀ ဒသမ ၀၂၇၅)ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်အား(၂၀-၁၁-၂၀၁၅)ရက်တွင် မန္တလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် လွှဲအပ်သူ၏ကိုယ်စား လိုအပ်သော ရုံးကိစ္စအဝဝတို့ကို ဆောင်ရွက်နိုင်ရန်အတွက် ဒေါ်သန်းနုစိန်(ဘ)ဦးထွီဖြူ(၉/မနတ(နိုင်)၀၆၅၃၇၆)ကိုင်ဆောင်သူမှ ဦးအောင်မိုး(ဘ)ဦးချစ်မောင်(၁/မကတ(နိုင်)၀၀၆၆၃၉)ကိုင်ဆောင်သူသို့ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်(၄၉၅၃/၂၀၁၅)ဖြင့် အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခဲ့ပါသည်။

ယခုအခါ ရုံးလုပ်ငန်းကိစ္စရပ်များဆက်လက်ဆောင်ရွက်ရန်မလိုအပ်တော့ပါသဖြင့် လွှဲအပ်ခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၉၅၃/၂၀၁၅)ကို ပြန်လည်ရုပ်သိမ်းပါကြောင်းနှင့် ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်သန်းနုစိန်(ဘ)ဦးထွီဖြူ**
**(၉/မနတ(နိုင်)၀၆၅၃၇၆)**
**အကွက်အမှတ်(တတ-၁/၇၇)၊ (ခ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မန္တလေးမြို့၊ မင်းတဲအီကင်းရပ်နေ ဒေါ်ဖြိုးဖြိုးစံ(ဘ)ဦးစံဝင်း မှတ်ပုံတင်အမှတ်(၉/မနမ(နိုင်)၁၁၅၃၂၅)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

စဥ့်ကိုင်မြို့၊မြို့မရပ်နေ (ဘ)ဦးနေဝင်း၏သား ဦးကျော်သူ မှတ်ပုံတင်အမှတ်(၉/စကတ(နိုင်)၀၀၁၀၉၈)နှင့်မန္တလေးမြို့၊ မင်းတဲအီကင်းရပ်နေ (ဘ)ဦးစံဝင်း၏ သမီး ဒေါ်ဖြိုးဖြိုးစံ မှတ်ပုံတင်အမှတ်(၉/မနမ(နိုင်)၁၁၅၃၂၅)တို့သည်(၂၈-၇-၂၀၂၄)ရက်တွင် အသိသက်သေများရှေ့၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း၊ သား၊ သမီးအုပ်ထိန်းခွင့်နှင့် ပစ္စည်းခွဲဝေမှုတို့ကိုပါ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ယနေ့မှစ၍ ဦးကျော်သူနှင့် ဒေါ်ဖြိုးဖြိုးစံတို့သည် စီးပွားရေး၊ လူမှုရေး တစ်စုံတစ်ရာ ပတ်သက်ဆက်နွယ်မှုမရှိတော့ပါကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆွေမာမြင့် (LL.B) တရားလွှတ်တော်ရှေ့နေ၊ ဒေါ်နိုင်မီမီစင် (LL.B) အထက်တန်းရှေ့နေ**
**Peerless Law Firm ၆၃လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉-၂၀၁၉၇၀၈၊ ၀၉-၂၅၉၀၀၀၂၆၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊မြရည်နန္ဒာရပ်ကွက်၊အကွက်အမှတ်(မမ-၈)၊ဦးပိုင်နံပါတ်(၁၈)ဟုခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဦးတင်အောင် အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဝင့်သန္တာဦး(ဘ)ဦးမျိုးငွေ(၉/အမဇ(နိုင်)၀၀၂၄၈၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဒေါ်ယုသစင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၁)၊ ဦးပိုင်နံပါတ် (၄၃)ဟုခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ တပ်ကြပ်ဘိုဘို အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကြည်မျိုးလှိုင်(ဘ)ဦးလှ(၉/မရမ(နိုင်)၀၅၁၄၄၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဒေါ်ယုသစင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၂၀)၊ ဦးပိုင်နံပါတ် (၃၀)ဟုခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဦးသောင်းငွေနှင့် ဦးဝမ်းတို့ အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း(၁၅ပေ×ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးရွှေမိုး(ဘ)ဦးစိန်ယွန်း (၅/တဆန(နိုင်)၀၇၂၃၈၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဒေါ်ယုသစင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၈)၊ ဦးပိုင်နံပါတ်(၄၁၃W)(ဦးပိုင်နံပါတ်(၄၁)၏ အနောက်ဘက်ခြမ်း(၁၅ပေ×ပေ၄၀)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဒေါ်စိန်ရင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးတင်စိုး(ခ)ဦးတင်ချိန်း(ဘ)ဦးမွန်စိန်ဟန်(၅/ကဘလ(နိုင်)၀၁၅၈၆၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဒေါ်ယုသစင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၇)၊ ဦးပိုင်အမှတ်(၃၂)၊ ဧရိယာဧက (၀ ဒသမ ၀၅၅၁) အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့်ပတ်သက်၍ ဦးကျော်စိုးမှ မိမိ၏ကိုယ်စား လိုအပ်သောရုံးကိစ္စများအား ဆောင်ရွက်နိုင်စေရန်အတွက် ဒေါ်စန်းအင်း(ခ)ဒေါ်အေးမြင့်အား မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် (၆-၁၀-၂၀၁၁)ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၁၃၃/၂၀၁၁)အရ လွှဲအပ်ခဲ့ပါသည်။ ယခုအခါ အဆိုပါအထူးကိုယ်စားလှယ်လွှဲစာအား ဆက်လက်ဆောင်ရွက်ရန် မလိုအပ်တော့ပါသဖြင့် ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်စိုး(အေအီး-၂၂၇၄၅၀၊ ၉ /မနတ(နိုင်)၀၁၁၇၈၀)**
**အကွက်(ဖဖ-၇)၊ ထွန်းတုံးရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အမိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ မိသားစုတစ်စု၊ နိုင်ငံတစ်နိုင်ငံကောင်းမွန်စေရေးအတွက် မိသားစုဝင်များ၊ နိုင်ငံသူနိုင်ငံသားများကသာ ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် မိသားစုကိုချစ်သည့်စိတ်၊ နိုင်ငံကိုချစ်သည့်စိတ်များ ရရှိကြစေရေး မိမိတို့အနေဖြင့် အမျိုးသားရေး ကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်ကြရမည်ဖြစ် ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)မှ အဖွဲ့ဝင်များအား တွေ့ဆုံစဉ် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက် ဂုဏ်ပြုပေးအပ်

နေပြည်တော် ဩဂုတ် ၃


နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက် ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် နေပြည်တော် ကောင်စီတို့မှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော် တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်ငါးဆယ့်နှစ်သိန်းနှင့် ငွေကျပ် တစ်ဆယ့်ရှစ်သိန်း တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်းတစ်ရာ့ နှစ်ဆယ်ကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်းတစ်ရာနှင့် ငွေကျပ်သိန်းတစ်ရာတန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်းတစ်ရာနှင့် ငွေကျပ် သိန်းနှစ်ရာ နှစ်ဆယ့်ခြောက်သိန်းကျော် တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်းတစ်ရာနှင့် ငွေကျပ်သိန်းတစ်ရာလေးဆယ့် ခြောက်သိန်းကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း၊ နေပြည်တော်ကောင်စီ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်းတစ်ရာနှင့် ငွေကျပ် သိန်းနှစ်ရာတန်ဖိုးရှိ စားသောက်ဖွယ်ရာ များကိုလည်းကောင်း ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ စားသောက်ဖွယ်ရာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူစဉ်။

## အမေရိကန်တို့ ဂျပန်ကို အချိန်ပိုသွင်းဂိုးဖြင့် အနိုင်ရယူ၊ ကိုလံဘီယာကို ပင်နယ်တီအဆုံးအဖြတ်အနိုင်ယူပြီး စပိန်အသင်း ဆီမီးတက်ရောက်

၂၀၂၄ ပါရီအိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၇နာရီ ၃၀မိနစ်က အမေရိကန်အသင်းနှင့် ဂျပန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမေရိကန်အသင်းက ဂျပန်အသင်းအား အချိန်ပို သွင်းဂိုးဖြင့် အနိုင်ရရှိပြီး ဆီမီးဖိုင်နယ် အဆင့်သို့ တက်ရောက်ခဲ့သည်။

အမေရိကန်အသင်းနှင့် ဂျပန်အသင်းတို့သည် မိနစ် ၉၀အထိ ဂိုးမရှိသရေရလဒ်ထွက်ပေါ်နေခဲ့ခြင်းကြောင့် အချိန်ပိုဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။ အချိန်ပိုတွင် အမေရိကန်အသင်းက ဂျပန်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အမေရိကန်အသင်းအတွက် အဖိုးတန် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် (၁၀၅+၂)မိနစ်တွင် ရော့စ်မန်းက သွင်းယူပေးခဲ့သည်။

ဆက်လက်၍ ယနေ့ ည ၉နာရီ ၃၀မိနစ်က စပိန်အသင်းနှင့် ကိုလံဘီယာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စပိန်အသင်းက ကိုလံဘီယာအသင်းအား ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

စပိန်အသင်းနှင့် ကိုလံဘီယာအသင်းတို့ ပွဲချိန် မိနစ် ၉၀အထိ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်နေခြင်းကြောင့် အချိန်ပိုမိနစ် ၃၀ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အချိန်ပိုတွင်လည်း တစ်ဖက်နှင့် တစ်ဖက်ဂိုးထပ်မံ

စာမျက်နှာ ၁၃ သို့ ➤